မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ရက်၊ ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာ ၇ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၉)၊ အမှတ်(၆၈)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

၂၀၀၉ ခုနှစ်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား
ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၆

၂၀၀၉ခုနှစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို ဒီဇင်ဘာ ၅ရက်နှင့် ၆ရက်တို့တွင် နေပြည်တော်ရှိ မြို့တော်ဂေါက်ကွင်းနှင့် ရေပြာဂေါက်ကွင်းတို့၌ ကျင်းပခဲ့ရာ ဗဟိုရုံးများနှင့် ဝန်ကြီးဌာနများမှ ပြိုင်ပွဲဝင်အသင်း ၃၆သင်းတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ၂၀၀၉ခုနှစ် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲတွင် တက်ရောက်အားပေး ပါဝင်ကစားစဉ်။ (သတင်းစဉ်)

ပါဝင်ကစား

အဆိုပါ ပြိုင်ပွဲတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ် (လေ)၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများသည် မြို့တော်ဂေါက်ကွင်း၌ တက်ရောက်အားပေး ပါဝင်ကစားခဲ့ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၉ခုနှစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲတွင် တက်ရောက်အားပေး ပါဝင်ကစားစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း ၂၀၀၉ခုနှစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲတွင် တက်ရောက်အားပေး ပါဝင်ကစားစဉ်။ (သတင်းစဉ်)

တက်ရောက်

၂၀၀၉ခုနှစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလားဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၅ရက် နံနက် ၆နာရီတွင် မြို့တော်ဂေါက်ကွင်း၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ စာရင်းစစ်ချုပ်၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီဝင်များ၊ဌာနဆိုင်ရာအကြီးအကဲများ၊ ပြိုင်ပွဲ ကျင်းပရေး

စာမျက်နှာ ၈ ကော်လံ ၁ ■

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၇ ရက်)

ဒို့တာဝန်အရေးသုံးပါးကို မွန်မြတ်သောရည်မှန်းချက်ဖြင့် ကာကွယ်စောင့်ရှောက် ဒေသဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံတော်နှင့်အတူ ပါဝင်လက်တွဲကြိုးပမ်း

ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁)ကိုးကန့်အဖွဲ့၌ နယ်ခြားစောင့်တပ် ဖွင့်ပွဲအခမ်းအနားကို ရှမ်းပြည်နယ်(မြောက်ပိုင်း)လောက်ကိုင်ခရိုင် စီအောဒေသ၌ ဒီဇင်ဘာလ ၄ရက်နေ့က ကျင်းပခဲ့သည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်လုံခြုံရေးနှင့် နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းစေရေးအတွက် ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့သော တိုင်းရင်းသားအဖွဲ့အစည်းများအား နိုင်ငံတော်၏ တရားဝင်လက်နက်ကိုင်ဆောင်သည့် နယ်ခြားစောင့်တပ်များအဖြစ် တာဝန်ထမ်းဆောင်နိုင်ရေး အသွင်ကူးပြောင်းမှုအစီအစဉ်များ ပြုလုပ်ခဲ့ပေသည်။

နိုင်ငံတော်အစိုးရသည် ခေတ်အဆက်ဆက် တိုင်းရင်းသားလူမျိုးများအပေါ် တောင်ပေါ်၊ မြေပြန့်မခွဲခြားဘဲ အေးအတူပူအမျှဆက်ဆံ၍ တူညီသောအခွင့်အလမ်းများ ဆောင်ရွက်ပေးခဲ့သည်။

ယခုကဲ့သို့ ကိုးကန့်ဒေသ၌ နယ်ခြားစောင့်တပ်ဖွင့်လှစ်ခြင်းသည် တိုင်းရင်းသားလူမျိုးများ၏သမိုင်းတွင် ထူးခြားသောပြောင်းလဲမှုကြီး တစ်ရပ်အဖြစ် မော်ကွန်းတင်ကျန်ရစ်စေမည့် နေ့ထူးနေ့မြတ်ပင် ဖြစ်သည်။ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်လျက် နိုင်ငံတော်၏တာဝန်များကို တပ်မတော်နှင့်ပူးပေါင်း၍ ကာကွယ်စောင့်ရှောက်ခွင့်ရကြပြီ ဖြစ်သည်။

နယ်ခြားစောင့်တပ်များသည် နိုင်ငံတော်အပေါ်၌လည်းကောင်း၊ ပြည်သူလူထုအပေါ်၌သော်လည်းကောင်း အပြည့်အဝသစ္စာရှိပြီး ရိုးသားကြိုးစားကာ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်သွားကြမည် ဖြစ်သည်။

ယခုကဲ့သို့ လောက်ကိုင်ခရိုင်၌ နယ်ခြားစောင့်တပ် ဖွင့်လှစ်နိုင်ခဲ့ခြင်းကြောင့် ဥပဒေဘောင်အတွင်းဝင်ရောက်လာသော လက်နက်ကိုင်အဖွဲ့အစည်းတစ်ခုအနေဖြင့် တိုင်းရင်းသားချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှု၊ ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝထားရှိမှုနှင့်အတူ တရားဝင်လက်နက်ကိုင်ဆောင်ပြီး နိုင်ငံတော်ကာကွယ်ရေးတာဝန်များ ထမ်းဆောင်ခွင့်ရရှိတော့မည်ဖြစ်၍ ဝမ်းမြောက်ဂုဏ်ယူဖွယ်ရာပင်ဖြစ်သည်။

ဒေသခံတိုင်းရင်းသားပြည်သူများသည် တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးအတွက်လည်းကောင်း၊ နယ်စပ်ဒေသများ ထာဝရငြိမ်းချမ်းရေးအတွက်လည်းကောင်း နယ်ခြားစောင့်တပ် ဖွဲ့စည်းဖြစ်ပေါ်မှုအပေါ် ကြိုဆိုအားပေးလျက်ရှိသည်။

ယခုအခါ၌ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို မွန်မြတ်သောရည်မှန်းချက်ဖြင့် ကာကွယ်စောင့်ရှောက်ရသည့် နယ်ခြားစောင့်တပ်အဖြစ် အောင်မြင်စွာ အသွင်ကူးပြောင်းနိုင်ခဲ့ပြီဖြစ်ရာ ငြိမ်းချမ်းရေးမှတစ်ဆင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်ကြီးကို အရှိန်အဟုန်မြှင့်၍ နိုင်ငံတော်နှင့်အတူ ပါဝင်လက်တွဲကြိုးပမ်းသွားကြမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုးနှင့်အဖွဲ့ နိုဝင်ဘာ ၃၀ရက်က လောင်းလုံးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ယာဉ်စက်ယန္တရားများ ကွံ့ခိုင်မှုရှိ မရှိ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးထွန်းမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမိုးဇော်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြား

၇-၁၂-၂၀၀၉ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၇။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၅ ၃။ အမျိုးသားရေးတေးကဗျာ
၄း၂၀ ၄။ မြန်မာစာ မြန်မာစကား
၄း၃၅ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၄၅ ၆။ မျိုးချစ်တပ်မတော်
၅း၂၀ ၇။ စိုက်ပျိုးသုတ
၅း၃၀ ၈။ ဗွီစီဒီကျော်ကြားတေးများ
၅း၄၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၂။ လျှပ်တစ်ပြက်
၆း၄၀ ၁၃။ သွက်လက်လှုပ်ရှားကစားစို့လား
၇း၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရာဇဝင်ထဲက ပန်းတစ်ပွင့်** (အပိုင်း-၂၆)
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ နိုင်ငံတကာသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ Talk of the Town
၂၀။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု သားငါးပြည့်ဖြိုး ပြည့်အကျိုး
၂၁။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လူငယ်ပေါင်ချိန်**(တတိယတွဲ) (အပိုင်း-၃၃)

ကြို့ပင်ကောက်မြို့နယ်၌ အခွန်ပညာပေးဆွေးနွေး

ကြို့ပင်ကောက် ဒီဇင်ဘာ ၆

ပဲခူးတိုင်း ကြို့ပင်ကောက်မြို့နယ်၏ အခွန်ပညာပေးဆွေးနွေးပွဲကို နိုဝင်ဘာ ၃၀ ရက်က ကြို့ပင်ကောက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမဆောင်၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ရှင်းလင်းပြောကြား

အခမ်းအနားသို့ ကြို့ပင်ကောက်မြို့နယ်ရှိ ရပ်ကွက်၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စားသောက်ဆိုင်လုပ်ငန်းရှင်များ တက်ရောက်ကြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှသိန်းက အမှာစကား ပြောကြားသည်။

မေးမြန်းချက်

ထို့နောက် မြို့နယ်ပြည်တွင်းအခွန်များဦးစီးဌာန ဦးစီးမှူး ဦးတိုးလှိုင်က စားသောက်ဆိုင်နှင့်ပတ်သက်သည့် ကုန်သွယ်လုပ်ငန်းခွန် ဥပဒေစည်းမျဉ်းများနှင့် အခွန်အရပ်ရပ်မပြေ ကျန်ငွေများအရ ကောက်ခံခြင်းအကြောင်းများ ရှင်းလင်းဆွေးနွေးပြီး ဒုတိယဦးစီးမှူးနှင့် လက်ထောက်ဦးစီးမှူးများက ထားရှိရမည့် စာအုပ်စာတမ်းများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးကာ လုပ်ငန်းရှင်များ၏ မေးမြန်းချက်များကို မြို့နယ်အခွန်ဦးစီးမှူး ဦးတိုးလှိုင်က ရှင်းလင်းပြောကြားသည်။ (၁၈၁)

လှူဒါန်း

လမ်းမတော်မြို့နယ် ဗဟိုစည်အိမ်ရာ အမှတ် ၂၁/၂၂နေ ဦးဘာနတ်ဖေဝင်းမိသားစုက ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ဖောင်ဒေးရှင်းမှ ဒေါက်တာ ဦးလှမြင့်အောင်နှင့် အုပ်ချုပ်ရေးမှူး ဦးပြုံးတို့ လက်ခံယူစဉ်။

(ကင်ဆာဖောင်ဒေးရှင်း)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၇-၁၂-၂၀၀၉ (တနင်္လာနေ့)

နံနက်ပိုင်း

၅း၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ရတနသုတ်
၅း၀၅ MRTV-4 သတင်း
၆း၀၀ **သစ်တုံးဥပမာ** တရားတော် ဆရာတော်အရှင်ပညာဝံသ
၇း၀၀ MRTV-4 သတင်း
၇း၄၅ Shooting Making (Living in Hair Style)
၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နားခိုလိုက်ပါမေတ္တာရိပ်မှာ**(အပိုင်း-၁၉)
၈း၃၀ Premier League Highlight (Match 15)
၈း၅၅ သီချင်းကောင်းကောင်းသီချင်းတောင်း
၉း၂၀ Activities in the City (စမ်းချောင်းမြို့နယ် သက်ကြီးခြင်းလုံး ဘဘကြီးများအား ပူဇော်ကန်တော့ပွဲ)
၉း၃၀ Global Panorama (ဦးကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၀း၄၀ ပန်းမြို့တော်မှမြိုင်မြိုင်ဆိုင်ဆိုင် လတန်ဆောင်တိုင်
၁၁း၀၀ International Show Biz
၁၁း၂၅ စားချင်စဖွယ်နည်းအသွယ်သွယ် (ဝက်စတူးနှင့်ဂျုံးမြစ်ထောင်း)
၁၁း၄၅ ရိုးမနှင့်ပင်လယ်ကြားအလှများ ကြွယ်တဲ့ "တောင်ကုတ်နယ်"
၁၁း၅၅ ကိုယ်ပိုင်ဟန်ဖက်ရှင် (အင်္ကျီလှလှဆေးခြယ်ကြ)
၁၂း၁၀ ကြည်နူးပီတိဝေဖြာစေသော အထက(၂)စစ်ကိုင်းအာစရိယပူဇော်ပွဲ
၁၂း၃၀ စာအုပ်ပြခန်း (မြန်မာစာအုပ်အညွှန်း ဦးစိုးပိုင် Nobel Light Express နှင့် တွေ့ဆုံခြင်း)
၁၂း၄၅ ကွန်ရက်ပမာယှက်သွယ်ဖြာ
၁း၀၀ **သစ်တုံးဥပမာ** တရားတော် ဆရာတော်အရှင်ပညာဝံသ
၂း၀၀ MRTV-4 သတင်း
၂း၄၅ မက်မဆုံးတဲ့ပြက်လုံးများ ဆိုနီ၊ မိုးကျော်၊ ဆုဝေလွင်
၃း၁၀ အရသာနှင့် အာဟာရစုံစွာ ပျော်ဘွယ်မုန့်ကြွပ်မှာ
၃း၂၀ ပုဂံအိမ်ထဲကထည်ဝါမှုပြယုဂ်
၃း၄၀ ဝါယာသာစည်လျှပ်စစ်မြစ်ရေတင် လုပ်ငန်းနှင့် ဖွံ့ဖြိုးတိုးတက်နေသော ဇီးတောစံပြကျေးရွာ
၄း၀၅ ကွမ်းစားခြင်းနှင့်ခံတွင်းရောဂါ အန္တရာယ်(ပါမောက္ခဦးမြသော်)
၄း၁၀ Activities in the City (စမ်းချောင်းမြို့နယ် သက်ကြီးခြင်းလုံး ဘဘကြီးများအား ပူဇော်ကန်တော့ပွဲ)
၄း၂၅ ဆောင်းအလှပန်းချီ တေးကိုသီ
၄း၃၅ ပန်းမြို့တော်မှ မြိုင်မြိုင်ဆိုင်ဆိုင် လတန်ဆောင်တိုင်
၄း၅၅ ကြည်နူးပီတိဝေဖြာစေသော အထက(၂)စစ်ကိုင်း အာစရိယ ပူဇော်ပွဲ
၅း၂၀ Shooting Making (Living in Hair Style)
၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀ MRTV -4 သတင်း
၆း၂၀ International Show Biz
၆း၄၀ အနုပညာမိုးကောင်းကင်
၇း၀၅ ကိုယ်ပိုင်ဟန်ဖက်ရှင် (အင်္ကျီလှလှဆေးခြယ်ကြ)
၇း၂၀ ပုံဖော်ထွင်းထုမြန်မာ့ပန်းပု
၇း၄၀ စားချင်စဖွယ်နည်းအသွယ်သွယ် (ဝက်စတူးနှင့်ဂျုံးမြစ်ထောင်း)
၈း၀၀ MRTV -4 သတင်း
၈း၃၀ မက်မဆုံးတဲ့ပြက်လုံးများ ဆိုနီ၊ မိုးကျော်၊ ဆုဝေလွင်
၉း၀၀ အနုပညာမိုးကောင်းကင်
၉း၃၀ MRTV -4 ရုပ်သံဇာတ်လမ်းတွဲ **နားခိုလိုက်ပါမေတ္တာရိပ်မှာ**(အပိုင်း-၁၉)
၁၀း၀၀ သီချင်းကောင်းကောင်းသီချင်းတောင်း
၁၀း၂၅ ပုံဖော်ထွင်းထုမြန်မာ့ပန်းပု
၁၀း၄၀ **အားကိုးအားထား** ဖိုးသောကြာ၊ အကယ်ဒမီဦးမိုးဒီ၊ ဦးခိုင်တင်၊ ဒေါ်တင်တင်လှ (ဒါရိုက်တာ-ကောင်းမြတ်)
၁၀း၅၅ စာအုပ်ပြခန်း (မြန်မာစာအုပ်အညွှန်း ဦးစိုးပိုင် Nobel Light Express နှင့် တွေ့ဆုံခြင်း)
၁၁း၁၀ ရတနာစစ်တို့ရဲ့ဘူမိနက်သန်
၁၁း၃၅ မီးအပူပေးပြုပြင်ခြင်းနည်းပညာ
၁၁း၅၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ရေနံနှင့်သဘာဝဓာတ်ငွေ့ တိုးတက်ထုတ်လုပ်နိုင်ရေး
ခေတ်မီနည်းစနစ်များသုံး၍ ရှာဖွေတူးဖော်ထုတ်လုပ်

နေပြည်တော် ဒီဇင်ဘာ ၆

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ရေနံနှင့်သဘာဝဓာတ်ငွေ့အတွက်တိုးရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဒီဇင်ဘာ ၂၅ရက် နံနက်ပိုင်းက နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန အစည်းအဝေးခန်းမ(၁)၌ကျင်းပရာ ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ တက်ရောက်အမှာစကား ပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ ညွှန်ကြားရေးမှူးများ၊ ရေနံမြေအထွေထွေမန်နေဂျာများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ဝိုင်းဝန်းအကောင်အထည်ဖော်

အစည်းအဝေးတွင် ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီက အမှာစကားပြောကြားရာ၌ ရေနံနှင့်သဘာဝဓာတ်ငွေ့ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် တစိုက်မတ်မတ် အားထုတ် ကြိုးပမ်းဆောင်ရွက်သွားကြရန် ဖြစ်သကဲ့သို့ တစ်ဖက်မှလည်း နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ ဝန်ထမ်းများ၏ အရည်အသွေး ပိုမိုတိုးတက်မြင့်မားလာအောင် အစဉ်တစိုက် လေ့ကျင့်ပျိုးထောင်ပေးသွားကြရန်၊ ခေတ်မီနည်းစနစ်များအသုံးပြု၍ ရှာဖွေ တူးဖော်ထုတ်လုပ်သွားကြရန်နှင့် လက်ရှိ ဆောင်ရွက်နေသော စီမံကိန်းများ အချိန်မီ အောင်မြင်စွာပြီးစီးနိုင်ရေးအတွက် ဝိုင်းဝန်းအကောင်အထည်ဖော် လုပ်ဆောင်သွားကြရန် စသည်ဖြင့် ပြောကြားသည်။

ဖြည့်စွက်ရှင်းလင်း

ဆက်လက်၍ ရေနံမြေ အထွေထွေမန်နေဂျာများက မိမိတို့ ရေနံမြေအလိုက် ရေနံနှင့် သဘာဝဓာတ်ငွေ့ အထွက်တိုးရေးအတွက် စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ ညွှန်ကြားရေးမှူး (ရေနံရှာဖွေရေးနှင့်ဖွံ့ဖြိုးရေး)က ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်နေသည့် ရေနံရှာဖွေရေးတွင်းများ၊ ဖွံ့ဖြိုးရေးတွင်းများ တူးဖော်ပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း၊ ဘူမိဗေဒအရာရှိချုပ်က ရေနံမြေအသစ်များ ရှာဖွေတွေ့ရှိရေးအတွက် တွင်းတူးစက်များ ပြောင်းရွှေ့နေရာချထား တူးဖော်မည့် အစီအစဉ်များကိုလည်းကောင်း၊ ရှင်းလင်း တင်ပြကြရာ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ စွမ်းအင်စီမံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ချမှတ်ပေး

ထို့နောက် ဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားရာ၌ ရေနံနှင့်သဘာဝဓာတ်ငွေ့ တိုးတက်ထုတ်လုပ်ရေးနှင့် ရေနံမြေအသစ်များ ရှာဖွေတွေ့ရှိရေးအတွက် ကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်၊ ငွေကြေးသုံးစွဲရာတွင်လည်း ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျ စိစစ်သုံးစွဲကြရန်၊ ဝန်ထမ်းများ၏ သက်သာချောင်ချိရေးကိုလည်း ဂရုပြုဆောင်ရွက်ပေးကြရန်နှင့် ရေနံရှာဖွေရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ပေးခဲ့သည်။

(သတင်းစဉ်)

ဂဝံကျောက်ခင်း

ရှမ်းပြည်နယ် (အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် နိုဝင်ဘာ ၂၅ရက်က တာလေမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်မည့် ဝိန်းဝိုင်း-တာကြန့် ဂဝံကျောက်ခင်းခြင်း လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

စာအုပ် စာပေ လှူမိတ်ဆွေ

ပညာပေးဆွေးနွေး

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ရုံး(လွိုင်ကော်)မှ ပြည်နယ်ဦးစီးမှူး ဒေါ်နန်းစိုးစိုးဟတ် ဦးဆောင်သောအဖွဲ့ လွိုင်ကော်မြို့ အဝေးပြေးကားဂိတ်၌ ရန်ကုန်-မန္တလေးသွားရောက်မည့် ခရီးသည်တင်ယာဉ်နှင့် ယာဉ်မောင်းများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ အန္တရာယ်ကင်းစွာ မောင်းနှင်ရေး ပညာပေးဆွေးနွေးစဉ်။ (သတင်းစဉ်)



တပ်မတော် (ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ
အုပ်စုပတ်လည်ပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်

နေပြည်တော် ဒီဇင်ဘာ ၆

၂၀၀၉ခုနှစ် (၄၈)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို ယနေ့ ညနေပိုင်းတွင် သတ်မှတ်ထားသည့် ဇုန်များ၌ ကျင်းပရာ (က)အုပ်စု ရပခဇုန် (တောင်ကြီး)၌ အနောက်တောင်တိုင်း စစ်ဌာနချုပ်အသင်းနှင့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (ခ)အသင်းတို့သည် တစ်ဖက်တစ်ဂိုးစီ သရေဖြင့်လည်းကောင်း၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်အသင်းက အမှတ်(၂၂) ခြေမြန်တပ်မဌာနချုပ်အသင်းကို ငါးဂိုး- ဂိုးမရှိဖြင့်လည်းကောင်း၊ (ခ)အုပ်စု နတခဇုန် (ပုသိမ်)၌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက အမှတ်(၇၇) ခြေမြန် တပ်မဌာနချုပ်အသင်းကို ခြောက်ဂိုး- နှစ်ဂိုးဖြင့်လည်းကောင်း၊ တပ်မတော်(ရေ) အသင်းက အမှတ်(၅၅) ခြေမြန်တပ်မဌာနချုပ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ (ဂ)အုပ်စု နမခဇုန် (မုံရွာ)၌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (က) အသင်းကအနောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု(ခ)အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ တပ်မတော်(လေ) အသင်းက ကြိဂံဒေသတိုင်း စစ်ဌာနချုပ်ကိုယ်စားပြု(ခ)အသင်းကို လေးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ (ဃ)အုပ်စု တပခဇုန် (တောင်ငူ)၌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းနှင့် အမှတ်(၈၈) ခြေမြန်တပ်မဌာနချုပ်အသင်းတို့သည် တစ်ဖက်နှစ်ဂိုးစီ သရေဖြင့်လည်းကောင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်အသင်းက အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု(က)အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း ယှဉ်ပြိုင်ကစားသွားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပုလဲ အထက အာစရိယပူဇော်ပွဲ

နေပြည်တော် ဒီဇင်ဘာ ၆

စစ်ကိုင်းတိုင်း ပုလဲမြို့နယ် အခြေခံပညာအထက်တန်းကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် အသက် (၆၀)နှင့်အထက် အငြိမ်းစား ဆရာ ဆရာမကြီးများအား ဒုတိယအကြိမ် အာစရိယပူဇော်ပွဲကို လာမည့် ဒီဇင်ဘာ ၂၇ရက်တွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်း

အနယ်နယ်အရပ်ရပ်တွင် ရောက်ရှိနေကြသော တပည့်ဟောင်းများ အနေဖြင့် မြတ်ဆရာအာစရိယပူဇော်ပွဲသို့ တက်ရောက်ပူဇော်ကြရန် ဆရာ ဆရာမကြီးများအနေဖြင့်လည်း မပျက်မကွက် ကြွရောက်ကန်တော့ခံကြပါရန်နှင့် လှူဒါန်းလိုသော တပည့်ဟောင်းများအနေဖြင့် ပုလဲမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း ဖုန်း-၀၇၁-၃၅၀၁၈၊ ဦးခင်အောင် ဖုန်း-၀၇၁-၃၅၁၄၆၊ ဦးကျော်ဆွေ ဖုန်း-၀၇၁-၃၅၀၅၃နှင့် ဦးကြည်ဆွေ ဖုန်း-၀၇၁-၃၅၁၇၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မြန်မာနိုင်ငံတစ်ဝန်း သာသာယာယာရှိမည်

နေပြည်တော် ဒီဇင်ဘာ ၆

ယနေ့နံနက် ၉နာရီ၃၀အထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်ဒေသများတွင် အများအားဖြင့်သာယာခဲ့သည်။ ညအပူချိန်များမှာ ရှမ်းပြည်နယ်မြောက်ပိုင်း၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ကချင်ပြည်နယ်တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ထက် ၅ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ဒေသများတွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် သာယာနေသည်။

ဒီဇင်ဘာ ၇ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ဒေသများတွင် အများအားဖြင့်သာယာမည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မြန်မာ့အလင်း သတင်းပဒေသာ အတိုအထွာ

ရန်ကုန် ဒီဇင်ဘာ ၆

ဗိုလ်တထောင် အထက (၆) မြတ်ဆရာပူဇော်မည်

ဗိုလ်တထောင်မြို့နယ် အထက (၆) (ယခင်စိန့်ပေါလ်)၌ ၁၉၆၅ ခုနှစ်မှ ၂၀၀၉ခုနှစ်အထိ ပညာသင်ကြားပေးခဲ့ကြသည့် သက်ပြည့်အငြိမ်းစားယူခဲ့သော ဆရာ ဆရာမကြီးများအား (၁၂)ကြိမ်မြောက် မြတ်ဆရာ ပူဇော်ပွဲကို ၂၀၁၀ ခုနှစ် မတ် ၂ ရက် (တောင်သူလယ်သမားနေ့)တွင် ကျင်းပမည်ဖြစ်သည်။

သုတေသနညီလာခံ စာတမ်းဖတ်ပွဲကျင်းပမည်

မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့ နှစ်ပတ်လည်သုတေသနညီလာခံကို ဒီဇင်ဘာ ၈ ရက်မှ ၉ ရက်အထိ နေပြည်တော်၌ ကျင်းပမည်ဖြစ်ရာ နံနက် ၉ နာရီမှစ၍ စိုက်ပျိုးရေးကဏ္ဍ စာတမ်းကို နေပြည်တော် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ သစ်တောကဏ္ဍစာတမ်းကို နေပြည်တော် ရေဆင်းရှိ သစ်တောသုတေသနဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍစာတမ်းကို မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၌ ဖတ်ကြားမည် ဖြစ်ရာ စိတ်ဝင်စားသူတိုင်း တက်ရောက်နိုင်သည်။

ပခုက္ကူအသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး

ပခုက္ကူအသင်း (ရန်ကုန်)၏ နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆု၊ စာပေအနုပညာ ထူးချွန်ဆုပေးပွဲနှင့်အတူ ရွှေရတုအခမ်းအနားကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၂၅ရက် (စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အာဇာနည်ဗိမာန်လမ်း ပခုက္ကူမွှေ့ာရုံ၌ ကျင်းပမည်ဖြစ်သည်။

စီးပွားရေးတက္ကသိုလ် (ရန်ကုန်) အာစရိယပူဇော်မည်

မြန်မာနိုင်ငံစီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်းက ကြီးမှူး၍ အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် စီးပွားရေးတက္ကသိုလ် (ရန်ကုန်) အခန်း ၁၀၃ ကျင်းပမည်ဖြစ်ရာ အငြိမ်းစားဆရာ၊ ဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူဟောင်းများနှင့် ပညာသင်ကြားဆဲ ကျောင်းသားကျောင်းသူများ တက်ရောက်ကြရန် နှိုးဆော်ထားသည်။

ဆေးတက္ကသိုလ် (မန္တလေး) အာစရိယပူဇော်ပွဲ

၁၉၈၀-၁၉၈၅ခုနှစ် ဆေးတက္ကသိုလ်(မန္တလေး) ကျောင်းသား ကျောင်းသူများ၏ အာစရိယပူဇော်ပွဲကို မန္တလေးမြို့ အိုရီရင့်တယ်ဟောက်စ်၌ ၂၀၁၀ခုနှစ် ဇန်နဝါရီ ၂၅ရက် (စနေနေ့) နံနက် ၁၀နာရီတွင် ကျင်းပမည်ဖြစ်သည်။

ရန်ကင်း အလက(၂) မြတ်ဆရာပူဇော်မည်

ရန်ကင်း အလက(၂)တွင် ၁၉၆၇မှ ၁၉၈၀ခုနှစ်အတွင်း ပညာသင်ကြားပေးခဲ့သော အသက် ၆၀နှင့်အထက် ဆရာ ဆရာမကြီးများအား အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၇ ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အဆိုပါ ကျောင်း၌ ကျင်းပမည်ဖြစ်သည်။

အလုံ အထက(၅) မြတ်ဆရာပူဇော်ပွဲ

အလုံ အထက(၅)၏ ကျောင်းသား ကျောင်းသူဟောင်းများက အငြိမ်းစား ဆရာ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာ ၂၀ရက် (တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် အဆိုပါကျောင်း၌ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

အခြေခံ ပန်းအလှပြုပြင်မှု သင်တန်းဖွင့်မည်

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းက ကြီးမှူး၍ အခြေခံပန်းအလှပြုပြင်မှု သင်တန်းကို ဒီဇင်ဘာ ၈ရက်မှ ၁၅ရက်အထိ ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်အတွင်းရှိ အသင်းရုံးခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဖုန်း-၃၇၉၃၆သို့ ဆက်သွယ်စုံစမ်းတက်ရောက်နိုင်သည်။

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း လုပ်ငန်းခွင်ဟောပြောပွဲ

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း သတ္တုတူးဖော်ရေးအင်ဂျင်နီယာပညာရပ်အဖွဲ့က ကြီးမှူး၍ လုပ်ငန်းခွင်ဆိုင်ရာ ဟောပြောပွဲကို ဒီဇင်ဘာ ၁၂ရက် (စနေနေ့)နံနက် ၉ နာရီတွင် ရန်ကုန်မြို့(လှိုင်မြို့နယ်) တက္ကသိုလ်များ လှိုင်နယ်မြေရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံ Seminar Room၌ ကျင်းပမည်ဖြစ်ရာ စိတ်ဝင်စားသူများ တက်ရောက်ဆွေးနွေးနိုင်ပြီး ဖုန်း-၅၁၉၆၇၆သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ ။ *(မြန်မာ့အလင်း)*

စုစည်းရေးသားသူ - ဝင်းကျော်

လူထုအားကစားလမ်းလျှောက်ပွဲ နေပြည်တော်တပ်ကုန်း၌ဆင်နွှဲ

နေပြည်တော် ဒီဇင်ဘာ ၆

၂၀၀၉ ခုနှစ် ဒီဇင်ဘာလ ပထမပတ် လူထုအားကစားလလှုပ်ရှားမှုအနေဖြင့် လူထုလမ်းလျှောက်ပွဲကို နေပြည်တော်တပ်ကုန်း မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ဒီဇင်ဘာ ၅ရက် နံနက် ၅ နာရီက မြို့နယ်အား/ကာဦးစီးဌာနမှ ဦးဆောင်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းရှေ့မှ စတင်ကာ ကျားသေအိုင်ကျေးရွာအထိ လမ်းလျှောက်ကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်သိန်း၊ မြို့နယ်အား/ကာ ဦးစီးအရာရှိ ဦးခင်မောင်အေးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အထက(၁)၊ အထက(၂)နှင့် ဗိုလ်မင်းရောင် အလကမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ မြို့မ(၅)ရပ်ကွက်မှ ဥက္ကဋ္ဌများနှင့် ပြည်သူများ စုစုပေါင်းအင်အား ၂၇၀၀ကျော် ပါဝင်ဆင်နွှဲကြသည်။ (ဝဲပုံ) (ဝ၉၁)

A(H1N1) ရောဂါ ကာကွယ်ဆေးနှစ်သန်း အင်ဒိုနီးရှား ထုတ်လုပ်မည်

ဂျကာတာ ဒီဇင်ဘာ ၆

အင်ဒိုနီးရှားအစိုးရသည် A(H1N1)တုပ်ကွေးရောဂါ ဆက်လက်ပြန့်ပွားနေမှုကို တားဆီးကာကွယ်ရေးအတွက် လာမည့်နှစ် နိုဝင်ဘာလအတွင်း၌A(H1N1) တုပ်ကွေးရောဂါကာကွယ်ဆေး နှစ်သန်းအထိ ထုတ်လုပ်ဖြန့်ဖြူးသွားရန်စီစဉ်ထားကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၄ရက်တွင် ထုတ်ဖော်ပြောကြားသည်။

သေဆုံး

ကမ္ဘာတစ်ဝန်း၌ A(H1N1) တုပ်ကွေးရောဂါ ကူးစက်ခံရသူဦးရေ ၃၀၀၀၀၀ကျော်ရှိပြီး ၄င်းတို့ အနက် ၃၉၀၀ကျော် သေဆုံးခဲ့သည်။ **(အင်တာနက်)**

အီရန်နိုင်ငံ တီဟီရန်မြို့ရှိ ကုန်သွယ်ရေးအဆောက်အအုံကို ဒီဇင်ဘာ ၆ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အီရန် နျူကလီးယားအစီအစဉ် ဆက်လက်လုပ်ဆောင်သွားမည်ဟုဆို

တီဟီရန် ဒီဇင်ဘာ ၆

နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ)မှ မကြာမီက အတည်ပြုထုတ်ပြန်ခဲ့သော အီရန်နိုင်ငံအား ဆန့်ကျင်သည့်ဆုံးဖြတ်ချက်ကြောင့် အီရန်နိုင်ငံက ယင်း၏နျူကလီးယားထုတ်လုပ်ရေး အစီအစဉ်ကို ရပ်တန့်လိမ့်မည်မဟုတ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး မာနိုချီမော့တာကီက ပြောကြားသည်။

ဖော်ပြ

အိုင်အေအီးအေ၏ ယင်းလုပ်ရပ်သည် အီရန်နိုင်ငံအနေဖြင့် ယင်း၏နျူကလီးယား အစီအစဉ်နှင့် ပတ်သက်၍ အိုင်အေအီးအေနှင့် အပြည့်အဝပူးပေါင်းဆောင်ရွက်နေချိန်တွင် ဖြစ်ပေါ်လာခြင်းဖြစ်သည်ဟု အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်၌ ထုတ်ပြန်သောကြေညာချက်တွင် ဖော်ပြထားသည်။

နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ)က အမေရိကန်ပြည်ထောင်စု၊ ဂျာမနီ၊ ပြင်သစ်၊ ဗြိတိန်၊ ရုရှားနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ ပူးပေါင်းရေးဆွဲသော ဆုံးဖြတ်ချက်မူကြမ်းကို အတည်ပြုထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ယင်းဆုံးဖြတ်ချက်တွင် ဖော်ဒိုနျူကလီးယားစက်ရုံရှိ ဆောက်လုပ်ရေးလုပ်ငန်းအားလုံးကို ရပ်ဆိုင်းရန် အီရန်နိုင်ငံအား တောင်းဆိုထားသည်။

လက်မှတ်ရေးထိုး

အီရန်နိုင်ငံသည် ယင်း၏နျူကလီးယားအစီအစဉ်ကို ဆက်လက်အကောင်အထည် ဖော်ခွင့်ရှိကြောင်း၊ အီရန်နိုင်ငံအနေဖြင့် နျူကလီးယားမပြန့်ပွားရေးစာချုပ်(အင်န်ပီတီ)ကိုလက်မှတ်ရေးထိုးကတိပေးထားသည့်အတိုင်း အပြည့်အဝ လိုက်နာဆောင်ရွက်သွားမည်ဖြစ်ကြောင်း အီရန်နိုင်ငံက ပြောကြားသည်။ **(အင်တာနက်)**

တရုတ်နိုင်ငံ တန်ကျင်းမြို့ရှိ အားကစားရုံ၌ကျင်းပသည့် နိုင်ငံတကာ ကားပြပွဲကို ဒီဇင်ဘာ ၆ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အိုကီနာဝါကျွန်း၌ အမေရိကန်တို့ တပ်စွဲထားမှု ဒေသနေပြည်သူများ မကျေမနပ်ဖြစ်နေကြ

တိုကျို ဒီဇင်ဘာ ၆

အမေရိကန်ပြည်ထောင်စုနှင့်ဂျပန်နိုင်ငံတို့အကြား ဂျပန်နိုင်ငံရှိ အမေရိကန် စစ်အခြေစိုက်စခန်းတစ်ခု နေရာရွှေ့ပြောင်းရေးကိစ္စနှင့် ပတ်သက်၍ တင်းမာမှုဖြစ်ပွားနေချိန်၌ ဂျပန်နိုင်ငံဆိုင်ရာ အမေရိကန် သံအမတ်ကြီး ဂျွန်ရုစ်က နှစ်ကုန်ပိုင်းတွင် ဆုံးဖြတ်ချက်တစ်ရပ်ချမှတ်သွားရန် မေတ္တာရပ်ခံလိုက်သည်။

မြန်မြန်ဆန်ဆန်

ယင်းကိစ္စသည် အရေးကြီးသည့်ကိစ္စဖြစ်သည်ဟုထင်ကြောင်း၊ လောလောဆယ် ယင်းပြဿနာကို မြန်မြန်ဆန်ဆန် ထိထိရောက်ရောက် ဖြေရှင်းသွားဖို့လိုကြောင်းဖြင့်လည်း အမေရိကန်သံအမတ်ကြီးက ပြောကြားသည်။

ဂျပန်နိုင်ငံသည် ၂၀၀၆ခုနှစ် ဂျပန်-အမေရိကန်သဘောတူစာချုပ်ကို အကောင်အထည်ဖော်ရန် အမေရိကန်ပြည်ထောင်စု၏ ဖိအားပေးခြင်းကိုခံနေရသည်။ ၂၀၀၆ခုနှစ် ဂျပန်-အမေရိကန်သဘောတူစာချုပ်အရ အဆိုပါစစ်စခန်းကို အိုကီနာဝါကျွန်းတောင်ပိုင်းတစ်နေရာရာတွင် တည်ဆောက်မည့် စခန်းသစ်တစ်ခုသို့ ရွှေ့ပြောင်းပေးရမည်ဖြစ်သည်။

မကျေမနပ်

အမေရိကန်ပြည်ထောင်စုသည် ဂျပန်နိုင်ငံတွင် တပ်ဖွဲ့ဝင်အင်အား ၄၇၀၀၀ခန့် စခန်းချထားသည်။ အိုကီနာဝါကျွန်းရှိ ဒေသခံကျွန်းသူကျွန်းသားများသည် အမေရိကန်တပ်ဖွဲ့ဝင်တို့ ကျူးလွန်ခဲ့သည့် ရာဇဝတ်ပြစ်မှုနှင့် မတော်တဆအန္တရာယ်များကြောင့် မကျေမနပ်ဖြစ်ကြရသည်။ **(အင်တာနက်)**

ဩစတြေးလျားနိုင်ငံ စတီရီရာပြည်နယ် ဂရန့်မြို့အနီး၌ စက်သုံးဆီတင်ယာဉ် မီးလောင်မှုဖြစ်ပွားနေသည်ကို ဒီဇင်ဘာ ၅ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အမေရိကန်နှင့် စစ်သွေးကြွများ အာဖဂန်နစ္စတန်၌ အပြင်းအထန်တိုက်ခိုက်မှုဖြစ်ပွား

ကဘူးလ် ဒီဇင်ဘာ ၆

အမေရိကန်တပ်ဖွဲ့ဝင် ၁၀၀၀ခန့်သည် အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း တာလီဘန်စစ်သွေးကြွတို့၏ဆက်သွယ်ရေးနှင့် ထောက်ပံ့ရေးလမ်းကြောင်းများဟုဆိုသောနေရာများကို ကြည်းကြောင်းနှင့် လေကြောင်းတို့မှ ပြင်းပြင်းထန်ထန် ထိုးစစ်ဆင်တိုက်ခိုက်လျက်ရှိသည်ဟု သတင်းရရှိသည်။

ယင်းထိုးစစ်ဆင်တိုက်ခိုက်မှုကို ကော်ဗရာအင်ဂါဟုအမည်ပေးထားကြောင်း၊ အာဖဂန်နစ္စတန်နိုင်ငံ ဟယ်လ်မန့်ပြည်နယ်၌ ဒီဇင်ဘာ၄ရက်က စတင်ထိုးစစ်ဆင်ခဲ့ကြောင်း အေပီသတင်းဌာနက သတင်းထုတ်ပြန်သည်။

တိုက်ခိုက်

အဆိုပါ ထိုးစစ်တွင် ဗြိတိသျှတပ်ဖွဲ့ဝင်များနှင့်အတူ အာဖဂန်ရဲတပ်ဖွဲ့ဝင်များနှင့် စစ်ဘက်ဆိုင်ရာအမှုထမ်းများလည်း ပါဝင်တိုက်ခိုက်ခဲ့ကြောင်း အေအက်ဖ်ပီသတင်းက ဖော်ပြသည်။

အကြမ်းဖက်

စစ်မက်ဖြစ်ပွားနေသော အာဖဂန်နစ္စတန်နိုင်ငံတွင် အမေရိကန်နှင့် အခြားနိုင်ငံခြားတပ်ဖွဲ့ဝင်အင်အား ၁၁၀၀၀၀ခန့် ချထားသော်လည်း မကြုံဖူးလောက်အောင် ပြင်းထန်သည့် အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားနေသည်။ ***(အင်တာနက်)***

မလေးရှား ပြည်ပပို့ကုန်ပမာဏ အောက်တိုဘာ၌ ၁၅ ရာခိုင်နှုန်းမြင့်တက်လာ

ကွာလာလမ်ပူ ဒီဇင်ဘာ ၆

မလေးရှားနိုင်ငံ၏ အောက်တိုဘာလအတွင်း ပြည်ပပို့ကုန် ပမာဏသည် လအလိုက် နှိုင်းယှဉ်ကြည့်ပါက ၁၅ ရာခိုင်နှုန်းတိုးကာ ပြည်ပပို့ကုန်အခြေအနေကောင်းမွန်လာပြီး စုစုပေါင်းပြည်ပပို့ကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ၁၆ဘီလီယံခန့် ရှိလာကြောင်းဖြင့် မလေးရှားအစိုးရက ဒီဇင်ဘာ၄ရက်တွင် ကြေညာသည်။ အဆိုပါ ပို့ကုန်ပမာဏသည် လွန်ခဲ့သည့် ၁၀လအတွင်း လစဉ်ပို့ကုန်ပမာဏ အမြင့်ဆုံးဖြစ်ကြောင်း မလေးရှား နိုင်ငံတကာကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး မူစတာဖာမိုဟာမက်က ပြောကြားသည်။

ပို့ကုန်ပမာဏမြင့်တက်လာရခြင်းမှာ ရေနံစိမ်း၊ သဘာဝဓာတ်ငွေ့၊ သစ်သားထည်များ၊ မျက်မှန်နှင့် သိပ္ပံပညာရပ်ဆိုင်ရာ ကိရိယာတို့အပါအဝင် ဓာတ်သတ္တုထုတ်ကုန်များ တင်ပို့မှု များပြားလာခြင်းကြောင့် ဖြစ်သည်။

သွင်းကုန်ပမာဏ

ပြည်ပကုန်သွယ်မှုပမာဏသည် စက်တင်ဘာ လကထက် ၁၄ဒသမ၁ရာခိုင်နှုန်းတိုးကာ အမေရိကန်ဒေါ်လာ ၂၈ ဘီလီယံခန့် တန်ဖိုးရှိသည်။သွင်းကုန် ပမာဏမှာ စက်တင်ဘာလကထက် ၁၂ ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်လာပြီး အမေရိကန်ဒေါ်လာ ၁၂ဘီလီယံတန်ဖိုးရှိ လာကြောင်း သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

နှစ်နိုင်ငံ ကုန်သွယ်ရေးဆက်ဆံမှု အီတလီနှင့် အိန္ဒိယတိုးမြှင့် ဆောင်ရွက်မည်

ရောမ ဒီဇင်ဘာ ၆

အီတလီနှင့် အိန္ဒိယနိုင်ငံတို့သည် ၂၀၁၀ခုနှစ်တွင် နှစ်နိုင်ငံစီးပွားဖက်အဖြစ် တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပြီး ကူးသန်းရောင်းဝယ်ရေး နှစ်နိုင်ငံဆက်ဆံမှုကို ဆက်လက်လုပ်ကိုင်သွားမည်ဖြစ်ကြောင်း အီတလီစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဒုတိယဝန်ကြီး အဒိုလ်ဖိုအာဆိုက ဒီဇင်ဘာ၄ရက်တွင် ပြောကြားသည်။

အီတလီအစိုးရနှင့် ဒေသဆိုင်ရာ စီးပွားရေးလုပ်ငန်းမစ်ရှင်အဖွဲ့ကို အီတလီစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာဝန်ကြီး ကလောဒီယိုစကာဂျိုလာ ဦးဆောင်၍ အိန္ဒိယနိုင်ငံသို့ သွားရောက်မည်ဖြစ်သည်ဟု အီတလီ-အိန္ဒိယအသင်းတွင် မစ္စတာအာဆိုမိန့်ခွန်းပြောကြားစဉ် ထည့်သွင်းပြောကြားသည်။

ပြောကြား

အဆိုပါမစ်ရှင်အဖွဲ့တွင် အီတလီအစိုးရ အရာရှိများနှင့် ကုမ္ပဏီတာဝန်ရှိသူ ၄၀၀ လိုက်ပါသွား မည်ဖြစ်ကြောင်း၊ ယင်းအဖွဲ့အနေဖြင့် အိန္ဒိယ စီးပွားရေး သဘောတူညီချက်အသစ်များရရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မစ္စတာအာဆိုက ပြောကြားသည်။

ဆောင်ရွက်

ခရီးစဉ်၏ရည်ရွယ်ချက်မှာ နှစ်နိုင်ငံကုန်သွယ်မှုတန်ဖိုးများ တိုးမြှင့်ရန်ဖြစ်ကြောင်း၊ လက်ရှိအခြေအနေတွင် နှစ်နိုင်ငံကုန်သွယ်မှုတန်ဖိုး ယူရိုငွေရှစ်ဘီလီယံရှိနေရာမှ ၂၀၁၀ ခုနှစ်တွင် ယူရိုငွေ၁၀ဘီလီယံဖြစ်လာအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**



တရုတ်နိုင်ငံ အတွင်း မွန်ဂိုလီးယား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ နေစွမ်းအင်မှ လျှပ်စစ်ဓာတ်အားပေး ထုတ်သည့် စက်ရုံကို ဒီဇင်ဘာ ၆ရက်က တွေ့ရစဉ် (ဆင်ဟွာဓာတ်ပုံ)

7-12 (04).pmd 1 12/7/2009, 2:25 PM

ရေချိုငါးမွေးမြူရေးဆိုင်ရာဆွေးနွေးပွဲ ကျောက်တော်မြို့၌ကျင်းပ

ကျောက်တော် ဒီဇင်ဘာ ၆

ရခိုင်ပြည်နယ် ရေထွက်ပစ္စည်းထုတ်လုပ်မှုတွင် ရေချိုငါးမွေးမြူခြင်းကဏ္ဍ ပိုမိုမြင့်မားစွာပါဝင်လာစေရေးအတွက် ရေချိုငါးမွေးမြူခြင်းကို ပြည်နယ်အတွင်း ကျယ်ပြန့်စွာ ဆောင်ရွက်လာစေရန်ရည်ရွယ်လျက် ကျောက်တော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ နိုဝင်ဘာ ၂၄ရက် မွန်းလွဲ၁နာရီက ရေချိုငါးမွေးမြူခြင်းဆိုင်ရာ ဆွေးနွေးပွဲကိုကျင်းပရာ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် (၂) ဦးတင်မောင်က အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးကျော်မင်းက အခြေခံငါးမွေးမြူခြင်း နည်းပညာများ၊ ရေချိုငါးမွေးမြူရေး၏ ရှေ့အလားအလာများ၊ ရခိုင်ပြည်နယ်အတွင်း ကျယ်ကျယ်ပြန့်ပြန့် မွေးမြူနိုင်မည့်အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။ **(အပေါ်ပုံ)**

တက်ရောက်ဆွေးနွေး

အဆိုပါဆွေးနွေးပွဲသို့ တပ်ရင်း၊ တပ်ဖွဲ့များ၊ ကျောက်တော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အမှူးပြု၍ မြို့နယ်အဆင့် သားငါးကဏ္ဍတာဝန်ရှိသူများနှင့် ရေချိုငါးမွေးမြူရေးတွင် စိတ်ပါဝင်စားသူများ တက်ရောက်ဆွေးနွေးကြသည်။ ရေချိုငါးထုတ်လုပ်ခြင်းမရှိသေးသော ရခိုင်ပြည်နယ်တွင် ငါးလုပ်ငန်းဦးစီးဌာန၏ စည်းရုံးမှုဖြင့် မြေပုံမြို့နယ်၊ စစ်တွေမြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်နှင့် ကျောက်တော်မြို့နယ်တို့တွင် ရေချိုငါးကို ၂၈ဒသမ၅၀ဧကခန့် စမ်းသပ်မွေးမြူလျက်ရှိသည်။ **(ပြည်နယ် ပြန်/ဆက်)**

ဒီဇင်ဘာ ၅ရက်က ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၈-၂၀၀၉ခုနှစ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ကျင်းပရာ ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရှင် မောင်အောင်မြတ်သူအား ကျောင်းအုပ်ဆရာမကြီး ဒေါ်စီစီအောင်က ဆုချီးမြှင့်စဉ်။ (ပညာရေး)

အားကစားလ စုပေါင်းလမ်းလျှောက်ပွဲ လှိုင်သာယာတွင် ဆင်နွှဲ

ရန်ကုန် ဒီဇင်ဘာ ၆

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ်၏ ဒီဇင်ဘာ လူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ၅ရက် နံနက် ၅နာရီခွဲက ရန်ကုန်-ညောင်တုန်းလမ်းမရှိ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှေ့တွင်ကျင်းပပြီး ရုံးရှေ့မှတ်တိုင်မှ အောင်ဇေယျတံတားအထိ စုပေါင်းလမ်းလျှောက်ကြရာ မြို့နယ်အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်အားကစားဦးစီးအရာရှိဦးငွေစိုးနှင့်ဝန်ထမ်းများ၊ မြို့နယ်အတွင်းရှိ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ရပ်ကွက်ပြည်သူများ အင်အား ၅၀၀ကျော် ပါဝင်ဆင်နွှဲကြသည်။ **(ယာပုံ)**

စုပေါင်းလမ်းလျှောက်

မြို့နယ်ဥက္ကဋ္ဌ ဦးဆောင်သော စုပေါင်းလမ်းလျှောက်အဖွဲ့သည် အောင်ဇေယျတံတားပေါ်တွင် သွေးပူလေ့ကျင့်ခန်းအဖြစ် ကိုယ်လက်ကြံ့ခိုင်ရေးလှုပ်ရှားမှုများ မိနစ် ၃၀ခန့် စုပေါင်းဆောင်ရွက်ကြသည်။

(၀၉၇)

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှူး ရုံး၏ နိုင်ငံသား အရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းနှင့် အိမ်ထောင်စုစာရင်းများပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၈ရက်က အဆိုပါရုံး၌ ကျင်းပရာ ခရိုင်ဦးစီးဌာနမှူး ဦးကျော်စွာလွင်က နိုင်ငံသား အရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးစဉ်။ (၁၂၇)

အိန္ဒိယဇာတ်ကားသစ် RAB NE BANA DI JODI ရုံဝင်လာ

ကိုကြီးစိုး (ရုပ်ရှင်သတင်းထောက်)

ရန်ကုန် ဒီဇင်ဘာ ၆

ဒါရိုက်တာ အာဒစ်တီရာချိုပရာ ရိုက်ကူးပြီး အိန္ဒိယနာမည်ကြီး သရုပ်ဆောင် ရှာရွတ်ခန်နှင့် မင်းသမီးချော အနူစုခရှာမာတို့ ပါဝင်ထားသည့် **Rab Ne Bana Di Jodi** အိန္ဒိယဇာတ်ကားသစ်မှာ ယခုသောကြာပတ်တွင် ရှေ့ဆောင်ရုံ၌ ရုံဝင်လာသည်။

သာမန်နိမ့်ကျရိုးစင်းသော လူငယ်တစ်ဦးတွင် ထူးခြားဆန်းပြားသော စိတ်ဝင်စားဖွယ် အချစ်ဇာတ်လမ်းတစ်ပုဒ် ရှိနေသည်ဆိုလျှင် ယုံနိုင်စရာမရှိပါ။ မယုံနိုင်စရာအချစ်ဇာတ်လမ်းတစ်ပုဒ်ကို အဆိုပါ အိန္ဒိယဇာတ်ကားသစ်က သဘာဝကျကျ ရိုက်ပြထားသည်။

မာမီရှိန်း

ဒါရိုက်တာ ညီညီထွန်းလွင်၏ **မာမီရှိန်း**ဇာတ်ကားမှာ နဝဒေး၊ သမ္မတ၊ သွင်နှင့်မင်္ဂလာရုံများတွင် အရှိန်အဟုန်ကောင်းနေဆဲဖြစ်သည်။ ကမ္ဘာကြီးပျက်ခဲ့လျှင်ဟူသော စိတ်ကူးယဉ် သိပ္ပံဇာတ်ကား 2012 မှာ နေပြည်တော်ရုံတွင် ဆက်လက်ပြသနေဆဲဖြစ်သည်။

ကိုဇော် (အရဏ်ဦး) ရိုက်ကူးပြီး ကျော်ရဲအောင်နှင့် လွင်မိုးတို့၏ **သူငယ်ချင်းယောက္ခမ**ဇာတ်ကားမှာ မြို့လယ်ဝဇီရာ၊ ရွှေဗဟိုရ်၊ ဘုရင့်နောင်နှင့် ရောဝတီရုံများတွင် ဆက်လက်ပြသနေသည်။

ပြဆဲအိန္ဒိယဇာတ်ကားများ

တန်းမြင့် မြို့မရုံတွင် မင်းသားရှာရွတ်ခန်နှင့် ကာဂျိုးလ်တို့ အဓိကပါဝင်ထားသော **Dilwale Dulhania Le Jayenge** ဇာတ်ကား ပြသလျက်ရှိပြီး ဘုရင့်ရုံတွင် **Phir Bhi Dil Hai Hindustani** ဇာတ်ကား ပြသနေသည်။ ယင်းဇာတ်ကားတွင်လည်း ရှာရွတ်ခန်နှင့် ဂျူဟီဝါလာတို့ ပါဝင်ထားသည်။ ယခုသောကြာပတ်တွင် ရှာရွတ်ခန် ပါဝင်ထားသော အိန္ဒိယဇာတ်ကားများ အပြိုင်ပြသလျက်ရှိသည်။

နေပြည်တော်ရုံတွင် ပြသနေသော 2012 ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း။

မစဉ်းစားနဲ့ချစ်လိုက်

ဒါရိုက်တာသိန်းဟန်(ဖီးနစ်) ရိုက်ကူးပြီး ပြေတီဦး၊ ခိုင်သင်းကြည်၊ နဝရတ်တို့ပါဝင်ထားသော **မစဉ်းစားနဲ့ချစ်လိုက်** မြန်မာအဆင့်မြင့်ဗီဒီယိုဇာတ်ကားမှာ စံပြ၊ ရွှေမန်း၊ သီတာ၊ မြရတနာရုံများတွင် ဆက်လက်ပြသနေသည်။ ။

(မြန်မာ့အလင်း)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းရေးသားသည်

တရုတ်နိုင်ငံ ဖူကျန်ပြည်နယ်ကမ်းလွန်၌ သင်္ဘောနစ်မြုပ်

တရုတ်နိုင်ငံ ဖူကျန်ပြည်နယ်ကမ်းလွန်တွင် ဒီဇင်ဘာ ၆ရက်က ရာသီဥတုဆိုးရွားပြီး လှိုင်းလုံးကြီးများ ရိုက်ခတ်မှုကြောင့် တရုတ်ကုန်တင်သင်္ဘောတစ်စင်း နစ်မြုပ်ခဲ့ကြောင်း၊ သင်္ဘောသားသုံးဦး ပျောက်ဆုံးလျက်ရှိကြောင်း သတင်းထုတ်ပြန်သည်။ (အောက်ပုံ)



ကနေဒါနိုင်ငံ မာနီတိုဘာမြို့၌ ပစ်ခတ်မှုဖြစ်ပွား

ကနေဒါနိုင်ငံ မာနီတိုဘာမြို့၌ ဒီဇင်ဘာ ၆ရက်က သေနတ်သမားများ ပစ်ခတ်မှုကြောင့် နှစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ကနေဒါရဲတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။

အီရန်၌ A(H1N1)ဖြင့် သေဆုံးသူ ၁၄၇ ဦးရှိ

အီရန်နိုင်ငံ တီဟီရန်မြို့တွင် ဒီဇင်ဘာ ၆ ရက်က A(H1N1)ဖြင့် အမျိုးသားတစ်ဦး သေဆုံးခဲ့ရာ ယင်းရောဂါဖြင့် သေဆုံးသူဦးရေမှာ အီရန်၌ ၁၄၇ဦးရှိပြီဖြစ်ကြောင်း ကျန်းမာရေးအရာရှိများက သတင်းထုတ်ပြန်သည်။

ကမ္ဘာ့ဈေးကွက်၌ ဒေါ်လာတန်ဖိုးအနည်းငယ်မြင့်တက်

ကမ္ဘာ့ဈေးကွက်တွင် အမေရိကန်ဒေါ်လာတန်ဖိုးများ အနည်းငယ်ပြန်လည်မြင့်တက်လျက်ရှိရာ ဂျပန်ငွေကြေးဈေးကွက်၌ ဒီဇင်ဘာ ၆ရက် ဈေးပိတ်ချိန်တွင် ဂျပန်ယန်းငွေ ၈၇ ယန်းလျှင် အမေရိကန်တစ်ဒေါ်လာရှိကြောင်း သတင်းထုတ်ပြန်သည်။

ဗီယက်နမ်နှင့်ကျူးဘားတို့ မိတ်ဖက်ကုန်သွယ်ရေး ထူထောင်မည်

ဗီယက်နမ်နှင့် ကျူးဘားနှစ်နိုင်ငံတို့သည် မိတ်ဖက်ကုန်သွယ်ရေးထူထောင်ရန်နှင့် နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်လုပ်ဆောင်ရန် ဒီဇင်ဘာ ၆ရက်က သဘောတူညီလိုက်ကြသည်။

တရားမဝင် လက်နက်ကိုင်ဆောင်သူ ၅၇ဦး ဖိလစ်ပိုင်တောင်ပိုင်း၌ဖမ်းဆီး

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းဒေသတွင် ပြီးခဲ့သည့်သီတင်းတစ်ပတ်အတွင်း တရားမဝင်လက်နက်ကိုင်ဆောင်သူ ၅၇ ဦးတို့အား ဖမ်းဆီးခဲ့ကြောင်း ဖိလစ်ပိုင်ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။

တူရကီနိုင်ငံ အင်ကာရာမြို့၌ ဗုံးပေါက်ကွဲ

တူရကီနိုင်ငံ အင်ကာရာမြို့၌ ဒီဇင်ဘာ ၆ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ တစ်ဦးသေဆုံးပြီး လူအချို့ဒဏ်ရာရရှိခဲ့ကြောင်း၊ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း တူရကီအရာရှိများက သတင်းထုတ်ပြန်သည်။ (အောက်ပုံ)

အာကာသသိပ္ပံဆိုင်ရာ လေ့ကျင့်ပျိုးထောင်ရေး ယူအေအီးနှင့်နာဆာတို့ သဘောတူညီ

အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး)နှင့် နာဆာအဖွဲ့တို့သည် ကျောင်းသားလူငယ်များ အာကာသသိပ္ပံဆိုင်ရာ လေ့ကျင့်ပျိုးထောင်ရေးနှင့်ပတ်သက်ပြီး ပူးပေါင်းဆောင်ရွက်ရန် ဒီဇင်ဘာ ၆ရက်က သဘောတူလက်မှတ်ရေးထိုးကြကြောင်း သတင်းထုတ်ပြန်သည်။ **(အင်တာနက်)**

7-12 (05).pmd 1 12/7/2009, 2:25 PM

စာဆိုတော်နေ့နှင့် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲ
ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတက်ရောက်၍ ကန်တော့ပစ္စည်းများပေးအပ်

လက်အုပ်ချီမိုး ရှိခိုးကန်တော့

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် အဖွဲ့ဝင်များ၊ တက်ရောက်လာကြသူများ ၁၃၇၁ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့နှင့် သက်ကြီးစာပေပညာရှင်များအား ပူဇော်ကန်တော့ပွဲအခမ်းအနားတွင် ကန်တော့ခံ သက်ကြီးစာပေပညာရှင်များအား မြန်မာ့ရိုးရာဓလေ့ထုံးတမ်းစဉ်လာနှင့်အညီ လက်အုပ်ချီမိုး ရှိခိုးကန်တော့ကြစဉ်။ (သတင်းစဉ်)

ရန်ကုန် ဒီဇင်ဘာ ၆

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ကကြီးမှူး၍ ၁၃၇၁ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့နှင့် သက်ကြီးစာပေပညာရှင်များအား ပူဇော်ကန်တော့ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့တော်ခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတက်ရောက်၍ သက်ကြီးစာပေပညာရှင်များအား ကန်တော့ကာ အလှူငွေနှင့် ကန်တော့ပစ္စည်းများကို ပေးအပ်သည်။

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ တရားရုံးချုပ် တရားသူကြီး ဒေါက်တာ တင်အောင်အေး၊ ပြန်ကြားရေးဝန်ကြီးဌာန အောက်ရှိ ဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)၊ ဒုတိယ ဥက္ကဋ္ဌများနှင့် ဗဟို အမှုဆောင် ကော်မတီဝင်များ၊ မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့များမှ ဥက္ကဋ္ဌများ နှင့် အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အခမ်းအနားမှူး အဖြစ် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်း အဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂) ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်)က ဆောင်ရွက် ပြီး အခမ်းအနားအစီအစဉ်များကို ဖတ်ကြား ကြေညာသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံစာပေ နှင့် စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဒေါက်တာတင်ထွန်းဦး(ဒေါက်တာတင်ထွန်းဦး) က မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ၏ သဝဏ်လွှာကို ဖတ်ကြားသည်။

မိတ်ဆက်ပေး

ထို့နောက် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင် ကော်မတီဝင် ဦးမြတ်ခိုင်(မြတ်ခိုင်)က အခမ်းအနားသို့ တက်ရောက်လာကြသော ကန်တော့ခံသက်ကြီးစာပေပညာရှင်များ အား ပရိသတ်နှင့်မိတ်ဆက်ပေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဘဏ္ဍာရေးမှူး ရဲမှူးကြီး ခင်မောင်ထွန်း(ငြိမ်း) (ခင်မောင်ထွန်း-လမ်းမတော်)က ကန်တော့ခံ သက်ကြီး စာပေပညာရှင်များနှင့် အလှူရှင်များစာရင်း ကို ဖတ်ကြားသည်။

ကန်တော့

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းနှင့်အဖွဲ့ဝင်များ၊ တက်ရောက် လာကြသူများက ကန်တော့ခံ သက်ကြီး စာပေပညာရှင်များအား မြန်မာ့ရိုးရာ ဓလေ့ ထုံးတမ်းစဉ်လာနှင့်အညီ လက်အုပ်ချီမိုး ရှိခိုးကန်တော့ကြသည်။

ကန်တော့ပစ္စည်းများဂါရဝပြု

ယင်းနောက် ဝန်ကြီးဗိုလ်မှူးချုပ် ကျော်ဆန်းက ကန်တော့ခံသက်ကြီးစာပေ ပညာရှင်များဖြစ်ကြသော ဒေါ်ကြန် (မကြန်)၊ ဦးချစ်လှိုင်(ကိုကိုမောင်ကြီး) **(ယာပုံ)**၊ ဦးတင်မောင်(သိပ္ပံမှူးတင်)၊ အငြိမ်းစားသံအမတ်ကြီး ဦးသက်ထွန်း၊ ဦးကျော်ဆန်း(သုခိအောင်)၊ ဦးမောင်မောင်ခင် (တက္ကသိုလ်မောင်မောင်ခင်)၊ ဦးဝင်းမောင် (မင်းယုဝေ)၊ ဗိုလ်မှူးကြီးစောမြင့်(ငြိမ်း) (မှူးသမိန်)၊ ဦးကြည်အေး (ဆင်ဖြူကျွန်း အောင်သိန်း)၊ ဒေါက်တာခင်မောင်ညွန့်၊ ဦးလှကြိုင် (ပါရဂူ)၊ ဦးလှမြိုင်(ကိုဆောင်း)၊ ဗိုလ်ကလေးတင့်အောင်၊ ဦးတင်စိုး (သာဂဒိုး)၊ ဦးကျော်ဝင်း (ဝမ်းအိုဝမ်း ကျော်ဝင်းမောင်)၊ ဦးမောင်ကလေး (သောကြာ ဦးမောင်ကလေး)နှင့် ဦးသန်းဦး (ပြည်စိုးမင်း)တို့အား နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ လှူဒါန်းငွေကျပ် ၃၀၀၀၀စီနှင့် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ လှူဒါန်းငွေကျပ် ၁၂၀၀၀၀ စီ စုစုပေါင်း ငွေကျပ် ၁၅၀၀၀၀ စီနှင့် ကန်တော့ပစ္စည်းများကို ဂါရဝပြု လက်ရောက်ပေးအပ်သည်။

ဆက်လက်၍ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ တရားရုံးချုပ်တရား သူကြီး ဒေါက်တာ တင်အောင်အေး၊ ဌာန ဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ များနှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များက ကန်တော့ခံ သက်ကြီးစာပေပညာရှင် များအား လှူဒါန်းငွေကျပ် ၁၅၀၀၀၀စီနှင့် ကန်တော့ပစ္စည်းများကို ဂါရဝပြု လက်ရောက်ပေးအပ်ကြသည်။

လိုက်လံနှုတ်ဆက်

ထို့နောက် ဝန်ကြီးဗိုလ်မှူးချုပ် ကျော်ဆန်းက ကန်တော့ခံသက်ကြီး စာပေ ပညာရှင် တစ်ဦးချင်းအား ဂါရဝပြုလိုက်လံ နှုတ်ဆက်သည်။

ယင်းနောက် ကန်တော့ခံသက်ကြီး စာပေပညာရှင်များကိုယ်စား ဆရာကြီး ဦးကြည်အေး (ဆင်ဖြူကျွန်းအောင်သိန်း)က သြဝါဒစကားပြောကြားသည်။

ထို့နောက် အခမ်းအနားမှူး မြန်မာ နိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ တွဲဖက် အတွင်းရေးမှူး(၂) ဦးကိုကို (ကိုကိုစက်မှု တက္ကသိုလ်)က ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်း လိုက်သည်။

အိမ်တိုင်ရာရောက်

ယခုနှစ်စာဆိုတော်နေ့ အထိမ်းအမှတ် ကန်တော့ခံသက်ကြီးစာပေပညာရှင်များမှ အသက် (၈၀)နှင့်အထက် စုစုပေါင်း ၁၃၁ ဦးရှိပြီး အခမ်းအနားသို့ တက်ရောက် လာကြသည့် ကန်တော့ခံသက်ကြီး စာပေ ပညာရှင်များမှာ ၈၄ ဦး ဖြစ်ကြောင်းနှင့် အခမ်းအနားသို့ မတက်ရောက်နိုင်ကြ သည့် ကန်တော့ခံ သက်ကြီးစာပေပညာရှင် များအား မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်း အဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင်များက အိမ်တိုင်ရာရောက် လိုက်လံကန်တော့ သွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

စံ(၅)ချက်နှင့်အညီ စာကြည့်တိုက်များဖြစ်ပေါ်ရေး စာငှားစနစ်ကျင့်သုံးရေး ကျိုက်ထိုမြို့နယ်၌ ဆွေးနွေး

ကျိုက်ထို ဒီဇင်ဘာ ၆

ကျိုက်ထိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်ခင်စောလင်းနှင့် ဝန်ထမ်းများသည် နိုဝင်ဘာ ၂၄ရက်က စစ်တောင်းကျေးရွာ ကျွန်တော့်ရွာစာပျိုးခင်းစာကြည့်တိုက်နှင့် မုပ္ပလင်ကျေးရွာ ပညာအလင်းစာကြည့်တိုက်တို့သို့ သွားရောက်၍ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စာကြည့်တိုက်ကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊လူမှုရေး အသင်းအဖွဲ့များနှင့် တွေ့ဆုံကာ ကျေးရွာစာကြည့်တိုက်များ စံ(၅)ချက်နှင့် ပြည့်စုံရေး၊ စာကြည့်တိုက် ငွေပဒေသာပင်ထားရှိရေး၊ စာအုပ်စာစောင် တိုးပွားရေးအတွက် စာငှားစနစ်ကျင့်သုံးရေးတို့ကို ရှင်းလင်းဆွေးနွေး ဆောင်ရွက်သည်။ (မြို့နယ် ပြန်/ဆက်)

မြန်မာ့ရုပ်မြင်သံကြား

၇-၁၂-၂၀၀၉ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
  - ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
- ၇း၃၀ ၂။ နံနက်ခင်းသတင်း
- ၇း၄၀ ၃။ အင်္ဂဇေယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆို မျိုးနွယ်ဆွေ)
- ၇း၅၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၅။ ချစ်စရာ့အရွယ် ကကြိုးသွယ်
- ၈း၁၀ ၆။ ရောဝတီ၏အား ကျွန်းကုန်းတံတား
- ၈း၁၅ ၇။ အတီးပြိုင်ပွဲ
- ၈း၄၀ ၈။ International News
- ၈း၄၅ ၉။ Local Talent
- ၈း၅၅ ၁၀။ DOTS

ညပိုင်း

- ၂း၃၀ ၁။ (၂၅)ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် **မြန်မာနှင့် စင်ကာပူ**
- ၄း၁၅ ၂။ တေးဂီတအစီအစဉ် မြန်မာ့အသံခေတ်ပေါ်တေးဂီတ အဖွဲ့ဖျော်ဖြေခန်း
- ၄း၃၀ ၃။ အကပဒေသာ
- ၄း၄၀ ၄။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာ တေးသံသာ
- ၄း၄၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(မြန်မာစာ၊ ရသစာပေ၊ အရှေ့တိုင်းပညာအထူးပြုများ) (ဒဿနိကဗေဒ)
- ၅း၀၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၁၀ ၇။ **စက်မှုဇုန်မှာ ကျွန်မ စက်ရုံလာတည်တော့မယ်**
- ၅း၁၅ ၈။ မြန်မာစာ၊ မြန်မာစကား
- ၅း၃၀ ၉။ တေးဂီတအစီအစဉ်
- ၅း၄၀ ၁၀။ စူပါတေးသံရှင်ရွေးချယ်ပွဲ
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၃။ **ဆိုကြမယ်၊ ပျော်ကြမယ်**
- ၆း၅၅ ၁၄။ **ပြောင်းလဲနေသော ကမ္ဘာ့ ရာသီဥတုအခြေအနေများ** (အပိုင်း-၃)
- ၇း၀၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **အဆိပ်သင့်တဲ့အချစ်** (အပိုင်း-၁၄)
- ၈း၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဆူးလွှမ်းသောချစ်နှင်းဆီ** (အပိုင်း-၅)
- ၂၀။ အစီအစဉ်ပြီး၏။

ဂန့်ဂေါခရိုင် ဆောမြို့နယ်ရှိ ကျေးရွာများ၌ DTH စလောင်းများ တပ်ဆင်သွားမည်

နေပြည်တော် ဒီဇင်ဘာ ၆

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက မကွေးတိုင်း ဂန့်ဂေါခရိုင် ဆောမြို့နယ်ရှိ ပြည်သူများ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV-3၊ MRTV-4 အစီအစဉ်များကို ကြည့်ရှုနိုင်ရန်ပေးပို့သော DTH စလောင်းများ ပေးအပ်ပွဲအခမ်းအနားကို နိုဝင်ဘာ ၃၀ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ မြို့နယ်အတွင်းရေးမှူး ဦးဝင်းနိုင်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးခင်မောင်တို့က ကျေးရွာရှစ်ရွာအတွက် DTH စလောင်းများကို လောင်းရှည်နယ်မြေနှင့် ဆောနယ်မြေတို့မှ ကျေးရွာဥက္ကဋ္ဌများထံ ပေးအပ်ကြသည်။ ဂန့်ဂေါခရိုင်အတွင်းရှိ ကျေးရွာ ၂၃ရွာတို့တွင် DTH စလောင်းများကို ဆက်လက်တပ်ဆင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ ***(သတင်းစဉ်)***

စစ်တွေမြို့ နော်မံကျောင်း(အထက-၂) မြတ်ဆရာပူဇော်မည်

စစ်တွေ ဒီဇင်ဘာ ၆

စစ်တွေမြို့ နော်မံကျောင်းနှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား ကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ ပွဲကို ၂၀၁၀ ခုနှစ် ဇန်နဝါရီ ၁၀ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် စစ်တွေမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ဓမ္မဇေယျခန်းမနှင့် ရန်ကုန်မြို့ ဗဟန်း ဦးထောင်ဗိုလ်လမ်းရှိ ဥယ္യာဝတီဘုန်းတော်ကြီးကျောင်းတို့၌ တစ်ချိန်တည်း ကျင်းပမည် ဖြစ်သည်။

လှူဒါန်းနိုင်

မြတ်ဆရာပူဇော်ကန်တော့ပွဲတွင် စစ်တွေမြို့ရှိ အငြိမ်းစား ဆရာ ဆရာမ ၄၂ဦး နှင့် အဝေးရောက်အငြိမ်းစား ဆရာဆရာမ ၂၈ဦးတို့အား ပူဇော်ကန်တော့မည်ဖြစ်ပါ၍ ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် အလှူငွေ ပါဝင်လှူဒါန်းလိုသူများသည် စစ်တွေမြို့တွင် ဦးအောင်သိန်းလှ ဖုန်း-၂၄၀၆၀ လိုင်းခွဲ ၂၀၄၊ ဦးဘခင် ဖုန်း-၂၃၅၀၀၊ ဦးစောထွန်းအောင် ဖုန်း-၂၃၃၃၂၊ကိုသူရိန်ထွန်း ဖုန်း-၂၁၈၆၈၊ ကိုသန့်ဇင်အောင် ဖုန်း-၂၁၇၈၀၊ရန်ကုန်မြို့တွင် ဦးသန်းစိန် ဖုန်း-၃၉၇၄၀၅၊ ဦးသာနု ဖုန်း-၀၉-၅၂-၆၁၄၈၇၊ ဦးသန်းထွန်း ဖုန်း-၀၉-၈၆-၄၀၂၃၂၊ ဦးမောင်မောင်ထွန်းအောင် (ကျန်းမာရေး) ဖုန်း- ၀၉-၅၄-၀၄၈၃၇၊ ဦးကျော်ကြီး ဖုန်း-၂၅၁၇၂၂၊ ဒေါ်ဇေစံ ဖုန်း-၂၉၃၇၈၄၊ ဦးမောင်မောင်ကျော် ဖုန်း-၀၉-၅၁-၇၁၉၅၁၊ ဒေါ်ချိုချိုဝင်း ဖုန်း- ၆၆၄၃၁၁၊ ဒေါ်အေးသန်း ဖုန်း-၂၀၁၅၂၈၊ ဦးအောင်လှထွန်း ဖုန်း-၀၉-၅၁-၄၀၈၃၅၊ ဦးမောင်ခင်သန်း ဖုန်း-၀၉-၅၁-၁၃၅၆၀ နှင့် ဒေါ်ခင်မာချို ဖုန်း-၂၉၁၀၂၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

စာပေနှီးနှောဖလှယ်ပွဲတွေ လုပ်ပေးနိုင်ရင် ပိုကောင်းမယ်

စာရေးဆရာကြီး ပါရဂူ

ကျေးရွာတိုင်းမှာ စာကြည့်တိုက်တွေ ရှိနေပြီ

စာရေးဆရာကြီး ဆင်ဖြူကျွန်းအောင်သိန်း

အမေး/အရေး - မောင်မောင်မြင့်ဆွေ ♠ ဓာတ်ပုံ - အောင်သန်း(မင်္ဂလာတောင်ညွန့်) ♠ စာမျက်နှာဖွဲ့စည်းမှု - မာမာစိုး (မြန်မာ့အလင်း)

ရန်ကုန် ဒီဇင်ဘာ ၆

စာဆိုတော်နေ့ရောက်ခဲ့ပြီ။ ဘဝတစ်လျှောက်လုံး စာပေဖြင့် ပြည်သူများအား အသိဉာဏ်ပွင့်လင်းစေခဲ့သော မြန်မာ့စာဆိုတော်များအား ဂုဏ်ပြုသောအားဖြင့် နှစ်စဉ် နတ်တော်လဆန်း ၁ရက်နေ့ကို မြန်မာ့စာဆိုတော်နေ့အဖြစ် သတ်မှတ်ပေးခဲ့သည်။

"စာမဖတ်သူ ပပျောက်ရေး ဒေသခံတွေ ကြိုးစားသင့်တယ်"
ဆရာကြီးဆင်ဖြူကျွန်းအောင်သိန်း

ယခုနှစ် မြန်မာ့စာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များအား ပူဇော်ပွဲကို ဒီဇင်ဘာ ၆ရက် နံနက် ၉နာရီက ရန်ကုန်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ မြန်မာ့အလင်းသတင်းအဖွဲ့ ရောက်ရှိခဲ့ပြီး သက်ကြီးစာပေပညာရှင်အချို့နှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

ပြောကြား

အသက်(၈၀)နှင့်အထက် သက်ကြီးစာပေပညာရှင်များကို အခမ်းအနားကျင်းပရာ စင်မြင့်ရှေ့၌ ထိုင်ခုံများဖြင့် စနစ်တကျနေရာချထားပေးသဖြင့် နာမည်ကြီး စာပေပညာရှင်ကြီးများကို စုံညီ ရှင်လန်းစွာ မြင်တွေ့ရသည်မှာ ကြည်နူးပီတိဖြစ်စရာပင်။ ထိုင်ခုံများပေါ်တွင် သက်သာစွာ ထိုင်နေကြသည့် စာပေပညာရှင်ကြီးများအနက် ကာတွန်းဆရာကြီး ဦးဗကလေးကို တွေ့ဆုံမေးမြန်းရာ "ဒီခေတ် လူငယ် ကာတွန်းဆရာလေးတွေရဲ့ လက်ရာတွေ အတော်လေးကောင်းကြပါတယ်။ ဘဘတို့ခေတ်က ကာတွန်းဆရာ ငါးဦးလောက်ပဲရှိတာ။ အခု ကာတွန်းဆရာ ၁၀၀ ကျော်ရှိမယ်ထင်တယ်။ ဘဘတို့ကတော့ အခုထိ ကာတွန်းရေးနေဆဲပါပဲ။ ဆက်လက်ပြီး ရေးနေဦးမှာပါ။ မျိုးဆက်သစ် ကာတွန်း လူငယ် ကာတွန်းဆရာလေးတွေအနေနဲ့ တိုင်းပြည်အကျိုးပြု လက်ရာလေးတွေ ပိုပြီးရေးဆွဲကြဖို့ လိုပါတယ်။ ထိထိမိမိ ရှိပြီး စာနဲ့ ရုပ်ပုံကို လိုက်ဖက်အောင် ရေးဆွဲကြဖို့ လိုပါတယ်။ မဂ္ဂဇင်း၊ ဂျာနယ်တွေမှာ ဒီထက် နေရာပိုပေးရင်တော့ ကောင်းမှာပါ"ဟု ကာတွန်းဆရာကြီး ဦးဗကလေးက ပြောကြားသည်။ ကာတွန်း ဦးဗကလေးသည် အသက်(၉၁)နှစ်ရှိပြီ ဖြစ်သော်လည်း ကျန်းမာနေဆဲပင် ဖြစ်သည်။ ၁၉၁၈ခုနှစ် ဒီဇင်ဘာ ၁၂ရက်က သံတွဲမြို့တွင် အဖ ဦးစံလှ၊ အမိ ဒေါ်အေးပုံတို့မှ မွေးဖွားခဲ့သူ ဖြစ်သည်။ ငယ်စဉ်ကပင် စာပေ၊ ပန်းချီ၊ ကာတွန်းပညာများကို စိတ်ဝင်စားပြီး ရေးဆွဲခဲ့ရာ လုံးချင်းဝတ္ထု၊ ဆောင်းပါး၊ ကာတွန်း၊ ပုံပြင်အမျိုးအစားပေါင်း ၁၂၀ခန့် ရေးသားထုတ်ဝေခဲ့သည်။ ၁၉၅၂ခုနှစ်က ရိုက်နှိပ်ခဲ့သော လူထုအော်သံ ဆေးရောင်စုံကာတွန်းစာအုပ်မှာ အကျော်ကြားဆုံးဖြစ်ပြီး ယနေ့တိုင် ရှင်ပြီး အပတ်စဉ်ကို ပုံမှန်ထုတ်ဝေလျက်ရှိသည်။ ကာတွန်းဆရာကြီး ဦးဗကလေးမှာ အမှတ်(၁၉) အိမ်ကြီးလမ်း ရေကျော်ရပ်ကွက် ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့၌ နေထိုင်လျက်ရှိသည်။

မေးမြန်း

ထို့နောက် သက်ကြီး စာပေပညာရှင်ကြီး တစ်ဦးဖြစ်သူ စာရေးဆရာကြီး ပါရဂူအား တွေ့ဆုံမေးမြန်းရာ "အခုလို စာဆိုတော်နေ့ကျင်းပတာ၊ သက်ကြီးစာပေပညာရှင်တွေကို ပူဇော်ပွဲလုပ်တာ ကမ္ဘာမှာ ဘယ်နိုင်ငံမှာမှ မရှိဘူး။ ဒါကြောင့် ထူးခြားပါတယ်။ အခု သက်ရှိထင်ရှားရှိနေတဲ့ စာပေပညာရှင်ကြီးတွေကိုဖိတ်ပြီး စာပေဟောပြောပွဲတွေ၊ စာပေနှီးနှောဖလှယ်ပွဲတွေ လုပ်နိုင်ရင် ပိုကောင်းပါတယ်။ မျိုးဆက်သစ် လူငယ်တွေအတွက်ရော

"မြန်မာ့စာပေလောက ဆက်လက်ရှင်သန်ဖို့ စာရေးဆရာတွေအပေါ်မှာ မူတည်ပါတယ်"
ဆရာကြီးသုခိအောင်

ပြည်သူတွေအတွက်ပါ အကျိုးပိုဖြစ်ထွန်းစေမှာပါ။ လူငယ်တွေ စာပေအမြင်ပိုရှိစေမှာဖြစ်ပါတယ်"ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

စာရေးဆရာကြီး ပါရဂူ၏ အမည်ရင်းမှာ ဦးလှကြိုင်ဖြစ်ပြီး ဇာတိမှာ ရေဝတီတိုင်း ဟင်္သာတမြို့နယ် သန္တံသနော့ကျေးရွာ ဖြစ်သည်။ အဖ ဦးဘစော၊ အမိ ဒေါ်မေတုတ်တို့မှ ၁၉၂၁ခုနှစ် နိုဝင်ဘာ ၁၀ရက်တွင် မွေးဖွားခဲ့သူဖြစ်ရာ အသက် ၈၉နှစ်ရှိပြီ ဖြစ်သည်။ ၁၉၃၉ခုနှစ်မှ စာပေများ စတင်ရေးသားခဲ့ရာ ဘာသာပြန်ကျမ်းစာဝတ္ထုပေါင်း ၈၀ခန့်ရှိပြီဖြစ်သည်။ ၁၉၆၃၊ ၁၉၈၆ခုနှစ်တို့တွင် အမျိုးသားစာပေဆု (ဘာသာပြန်ရသ)များ ရရှိခဲ့ပြီး ၁၉၆၇ခုနှစ်တွင် မြန်မာနိုင်ငံ ဟိန္ဒီစာပေအသင်း ရွှေတံဆိပ်ဆု၊ ၂၀၀၂ခုနှစ်တွင် ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆုနှင့် အမျိုးသားစာပေ တစ်သက်တာဆုများ ရရှိခဲ့သည်။ လက်ရှိ နေရပ်လိပ်စာမှာ ရှန်တိနိကေတန်စာကြည့်တိုက် အမှတ်(၉၈၁/၉၉၀) ၁၆ရပ်ကွက် ဦးပုညလမ်း ရွှေပေါက်ကံမြို့သစ် ရန်ကုန်မြို့ ဖြစ်သည်။

ဖတ်စရာ၊မှတ်စရာများလာ

ဆက်လက်ပြီး သက်ကြီးစာပေ ပညာရှင်ကြီးတစ်ဦးဖြစ်သူ စာရေးဆရာမကြီး ဒေါ်ကြန်အား တွေ့ဆုံမေးမြန်းခဲ့ရာ "ဒီနေ့ မြန်မာ့စာပေလောက အနေအထားကို ကြည့်ရင် အရင်ခေတ်တွေကထက် စာပေ၊ မဂ္ဂဇင်း၊ ဂျာနယ်တွေ ပိုပြီးများလာတယ်။ ဒါကြောင့် စာဖတ်သူတွေ များလာသလို ဖတ်စရာ မှတ်စရာတွေလည်း များလာတယ်။ ဒါက ကောင်းတဲ့အနေအထားပါပဲ။ လူငယ်တွေအနေနဲ့ သမိုင်းသင်ခန်းစာတွေယူပြီး ကိုယ်ညံ့ရင် ကိုယ်ခံရတာမျိုး မဖြစ်အောင် သမိုင်းသုတေသန အသစ်တွေ ဆရာမကြီးတို့ ရေးနေပါတယ်။ သမိုင်းကြောင်း အဟောင်းတွေထဲက မှတ်စရာ သိစရာ အသစ်တွေကို သိရှိအောင် ရေးသားနေပါတယ်"ဟု စာရေးဆရာမကြီး ဒေါ်ကြန်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

စာရေးဆရာမကြီး ဒေါ်ကြန်(မကြန်)ကို အဖ ဦးကျော်ထွန်း၊ အမိ ဒေါ်ငွေနှစ်တို့မှ ၁၉၁၉ခုနှစ် ဇူလိုင် ၁ရက်တွင် သံတွဲခရိုင် တောင်ကုတ်မြို့၌ မွေးဖွားခဲ့ရာ လက်ရှိ၌ အသက် ၉၀ ရှိပြီဖြစ်သည်။ သမိုင်းသုတေသန စာအုပ်များစွာ ရေးသားခဲ့ပြီး ဆောင်းပါး၊ စာတမ်းများစွာလည်း ရေးသားခဲ့သည်။ အမျိုးသားစာပေဆု လေးကြိမ်ရရှိခဲ့ပြီး ၂၀၀၆ခုနှစ်က အမျိုးသား စာပေတစ်သက်တာဆု ရရှိခဲ့သည်။ လက်ရှိနေရပ်လိပ်စာမှာ တိုက် ၅ အခန်း ၂၀၂ ရတနာမွန်လမ်းမကြီး (၄)ရပ်ကွက် လှိုင်မြို့နယ် ရန်ကုန်မြို့၌ နေထိုင်လျက်ရှိသည်။

တစ်ဖန် သက်ကြီးစာပေ ပညာရှင်ကြီး တစ်ဦးဖြစ်သူ မင်းယုဝေအား မြန်မာ့အလင်းက တွေ့ဆုံမေးမြန်းခဲ့ရာ "ဘဘတို့က အသက် ၁၅နှစ်ကတည်းက စာတွေ စရေးခဲ့တာ ဒီနေ့ထိတိုင်ပါပဲ။ မျိုးဆက်သစ် လူငယ်စာပေသမားတွေကို ပြောလိုတာကတော့ စာပေသစ်ကို တကယ်ဝါသနာပါလို့ ကြိုးစားရင် အောင်မြင်နိုင်ပါတယ်။ မြန်မာ့စာပေလောကကြီး ဆက်လက်ရှင်သန်ဖွံ့ဖြိုးနေဖို့အတွက် မျိုးဆက်သစ် စာရေးဆရာတွေ အများကြီးပေါ်ထွက်ဖို့ လိုအပ်ပါတယ်။ စာပေမှာ သုတနဲ့ ရသ ဟန်ချက်ညီအောင် ရေးနိုင်၊ ထုတ်ဝေနိုင်ကြရင် ပိုကောင်းမှာပါ။ ဆရာကြီးတို့ကတော့ တစ်လ ငါးပုဒ်လောက်တော့ ရေးနေဆဲပါပဲ"ဟု စာရေးဆရာကြီး မင်းယုဝေက ရှင်းပြသည်။

"တိုင်းပြည်အကျိုးပြု လက်ရာတွေ ရေးဆွဲကြဖို့ လိုပါတယ်"
ကာတွန်းဆရာကြီးဦးဗကလေး

"လူငယ်တွေ စာပေကို တကယ်ဝါသနာပါလို့ကြိုးစားရင် အောင်မြင်နိုင်ပါတယ်"
ဆရာကြီးမင်းယုဝေ

စတင်

စာရေးဆရာကြီး မင်းယုဝေ၏ အမည်ရင်းမှာ ဦးဝင်းမောင်ဖြစ်ပြီး ၁၉၂၈ ခုနှစ် စက်တင်ဘာ ၂၆ရက်၌ ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့၌ မွေးဖွားသည်။ အဖ ဦးထွန်းဆိုင်၊ အမိ ဒေါ်သင်တို့ ဖြစ်ပြီး ၁၅နှစ်အရွယ်မှစ၍ စာများ စတင်ရေးသားခဲ့သည်။ ကဗျာ၊ ပုံပြင်၊ ဆောင်းပါး၊ ဝတ္ထုတို၊ ဘာသာပြန်ပုဒ်ရေ ၁၆၀၀ကျော် ရေးသားခဲ့ပြီး လုံးချင်းစာအုပ် ၄၂အုပ် ထုတ်ဝေခဲ့သည်။ နောက်ထပ် ၁၀အုပ်ကျော် ရေးသားနေဆဲဖြစ်ပြီး လက်ရှိ၌ မြတ်မင်္ဂလာနှင့် မင်္ဂလာမောင်မယ်မဂ္ဂဇင်းတို့၏ စာတည်းမှူးချုပ်လည်း ဖြစ်သည်။ လက်ရှိနေရပ်မှာ

"လူငယ်တွေနဲ့ စာပေနှီးနှော ဖလှယ်ပွဲတွေ လုပ်ပေးနိုင်ရင် ပိုကောင်းမယ်"
ဆရာကြီးပါရဂူ

တိုက် ၂ အခန်း ၁၀၁ ခပေါင်းအိမ်ရာ လှိုင်မြို့နယ် ရန်ကုန်မြို့ ဖြစ်သည်။

ထို့နောက် သက်ကြီးစာပေ ပညာရှင်ကြီးတစ်ဦးဖြစ်သည့် စာရေးဆရာကြီး သုခိအောင်နှင့် ဆက်လက်တွေ့ဆုံမေးမြန်းခဲ့ရာ "ဘဘ အသက် ၈၈နှစ်ရှိပြီ။ ၁၉၃၈ ခုနှစ်ကစပြီး စာတွေ စတင်ရေးသားခဲ့တာပါ။ စာပေကတော့ မျိုးစုံပါပဲ။ ရုပ်ရှင်၊ ပြဇာတ်၊ သီချင်း၊ ဝတ္ထုနှင့်ဆောင်းပါးတွေပေါ့။ မြန်မာစာပေလောကကြီး ဆက်လက်ရှင်သန်ဖို့ဆိုတာ စာရေးဆရာတွေအပေါ် အများကြီးမူတည်နေပါတယ်။ အကျိုးရှိတဲ့ စာပေတွေ ရေးသားနိုင်ရမယ်။ ကိုယ်တိုင် ဟောပြောနိုင်ရမယ်၊ ဖွဲ့ရှိရမယ်။ သက်ကြီးစာပေပညာရှင်တွေနဲ့ အချိန်ရသမျှ ထိတွေ့ဆွေးနွေးနိုင်ရင် လူငယ်စာပေသမားတွေအတွက် အကျိုးရှိစေတာပေါ့"ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

ဆရာကြီးသုခိအောင်၏ အမည်ရင်းမှာ ဦးကျော်ဆန်းဖြစ်သည်။ မော်လမြိုင်မြို့ ထားဝယ်စုရပ် ကျားတံတားလမ်းတွင် အဖ ဦးသက်ဝင်း၊ အမိ ဒေါ်မြယဉ်တို့မှ ၁၉၂၂ ခုနှစ် ဇူလိုင် ၁၇ရက်၌ မွေးဖွားခဲ့သည်။ စာပေများကို ရေးသားခဲ့ပြီး တပ်မတော်၌ ဒုတိယဗိုလ်မှူးကြီးအဆင့်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ လက်ရှိ နေရပ်မှာ အမှတ် ၁၁၇(ဂျီ) သံလွင်လမ်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့ ဖြစ်သည်။

ဆက်လက်ပြီး သက်ကြီး စာပေပညာရှင်ကြီးတစ်ဦးဖြစ်သူ ဆင်ဖြူကျွန်းအောင်သိန်းအား တွေ့ဆုံ မေးမြန်းခဲ့ရာ "မြန်မာ့စာပေကတော့ အရှိန်ရနေတာပါပဲ။ ကျေးရွာတိုင်း စာကြည့်တိုက်တွေ ရှိနေပြီ။ စာမတတ်သူ ပပျောက်ရေး ကြိုးစားသလို စာမဖတ်သူ ပပျောက်ရေးကိုလည်း ဒေသခံတွေ ကြိုးစားသင့်တယ်။ ဒါမှ ပြည်သူတွေ စာဖတ်အားကောင်းပြီး မြန်မာ့စာပေ ရှင်သန်နေမှာပါ" ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။

စာရေးဆရာကြီး ဆင်ဖြူကျွန်း အောင်သိန်း၏ အမည်ရင်းမှာ ဦးကြည်အေးဖြစ်သည်။ မင်းဘူးခရိုင် စလင်းမြို့နယ် ဆင်ဖြူကျွန်းမြို့ ရွာသစ်ကြီးကျေးရွာတွင် အဖ ဦးရွှေစံ၊ အမိ ဒေါ်ငွေစင်တို့မှ ၁၉၂၈ ခုနှစ် နိုဝင်ဘာ ၅ရက်၌ မွေးဖွားခဲ့သူ ဖြစ်သည်။ ၁၉၅၂ခုနှစ်မှစ၍ ကဗျာများ စတင်ရေးသားခဲ့ပြီး စာပေမျိုးစုံ ရေးသားခဲ့သည်။ နာမည်ကျော် "ကိုဆေးရိုး" ဝတ္ထုများ ရေးသားခဲ့ပြီး ၁၉၉၀နှင့် ၁၉၉၆ ခုနှစ်တို့၌ အမျိုးသား စာပေဆုများ ရရှိခဲ့သည်။ လက်ရှိ နေရပ်လိပ်စာမှာ အမှတ်(၁) အောင်သပြေအနောက် (၅) လမ်း သာကေတမြို့နယ် ဖြစ်သည်။

"လူငယ်တွေ သမိုင်းသင်ခန်းစာ ယူသင့်တယ်"
ဆရာမကြီးဒေါ်ကြန်

မြန်မာ့သက်ကြီးစာပေ ပညာရှင်ကြီးများက အသက်အရွယ် ကြီးရင့်နေပြီဖြစ်သော်လည်း ကလောင်စွမ်းက နုပျိုဆဲ၊ ထက်မြက်ကြဆဲ ဖြစ်ပါကြောင်း။ ။

(မြန်မာ့အလင်း)

မြန်မာ့သက်ကြီးစာပေ ပညာရှင်ကြီးများက အသက်အရွယ် ကြီးရင့်နေပြီဖြစ်သော်လည်း ကလောင်စွမ်းက နုပျိုဆဲ၊ ထက်မြက်ကြဆဲ။

စာဆိုတော်နေ့အထိမ်းအမှတ် နမ့်ခမ်း၌ စာပေဟောပြောပွဲကျင်းပ

နမ့်ခမ်း ဒီဇင်ဘာ ၆

မြို့နယ်စာပေနှင့်စာနယ်ဇင်း၊ စာပေချစ်မြတ်နိုးသူများအဖွဲ့နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲကို နိုဝင်ဘာ ၂၂ရက် မွန်းလွဲ ၁နာရီက နမ့်ခမ်းမြို့ ကျားဖြူခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်လွင် အဖွင့်အမှာစကား ပြောကြားသည်။

ပေးအပ်

ထို့နောက် စာရေးဆရာမောင်ငြိမ်းသူ(ကြို့ပင်ကောက်)က "စာပေကုန်ကြမ်းကို ရှာတွေ့ပါပြီတဲ့" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာအကြည်တော်က "လူညံ့တစ်ယောက်အကြောင်း" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာချစ်ဦးညိုက "အနုပညာ ဖန်တီးမှုဖြင့် အနုပညာခံစားမှု" ခေါင်းစဉ်တို့ဖြင့်လည်းကောင်း ဟောပြောကြပြီး မြို့နယ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်သည်။

(မြို့နယ် ပြန်/ဆက်)

ပုလဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ယင်းမာပင်-ပုလဲ-ဂန့်ဂေါလမ်း မြို့ဝင်မှ စပေါင်းရုံးရှေ့အထိ လမ်းကပ်တုံး ပေ ၆၀၀ ဆောင်ရွက်ထားရှိမှုကို အမှုဆောင်အရာရှိ ဦးလှမြင့် ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ဆန်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ၂၀၀၉ခုနှစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲအား Tracer Ball ကို ရိုက်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

■ *ရှေ့ဖုံးမှ*

ကော်မတီဝင်များ၊ ပြိုင်ပွဲဝင်အသင်းများမှ ဂေါက်သီးရိုက်အားကစားသမားများ တက်ရောက်ကြသည်။

အစီအစဉ်အရ ပြိုင်ပွဲဝင်အသင်းများမှ ဂေါက်သီးရိုက် အားကစားသမားများသည် ဖွင့်ပွဲအခမ်းအနားကျင်းပမည့် သတ်မှတ်နေရာ၌ နေရာယူကြသည်။

ဖွင့်လှစ်

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက Tracer Ball ကို ရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ၂၀၀၉ခုနှစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းက Tracer Ball ကို ရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ယှဉ်ပြိုင်ကစား

ယင်းနောက် ပြိုင်ပွဲဝင်အသင်း ၃၆သင်းတို့မှ ဂေါက်သီးရိုက်အားကစားသမားများသည် ၂၀၀၉ခုနှစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ပထမနေ့ (၁၈)ကျင်း ပြိုင်ပွဲကို မြို့တော်ဂေါက်ကွင်းနှင့် ရေပြာဂေါက်ကွင်းတို့၌ တစ်ကွင်းလျှင် ၁၈ သင်းစီ အလှည့်ကျ လှည့်လည်ယှဉ်ပြိုင်ကစားကြသည်။

ဒုတိယနေ့ (၁၈)ကျင်းပြိုင်ပွဲကို ယနေ့ နံနက် ၆နာရီတွင် ဆက်လက်ကျင်းပရာ မြို့တော်ဂေါက်ကွင်းနှင့် ရေပြာဂေါက်ကွင်းတို့၌ တစ်ကွင်းလျှင် ၁၈သင်းစီ အလှည့်ကျ လှည့်လည်ယှဉ်ပြိုင်ကစားကြပြီး ပွဲစဉ်များအားလုံး ညနေပိုင်းတွင် ကျင်းပပြီးစီးသည်။

ဆုချီးမြှင့်

ထို့နောက် ၂၀၀၉ခုနှစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကို ညနေ ၆နာရီတွင် မြို့တော်ဂေါက်ကွင်း၌ ကျင်းပရာ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး တက်ရောက်၍ ဆုရအသင်းများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆုချီးမြှင့်ခြင်း အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ ပြိုင်ပွဲဝင်ဂေါက်သီးရိုက်အသင်းများမှ အားကစားသမားများ တက်ရောက်ကြသည်။

ရှေးဦးစွာ ၂၀၀၉ခုနှစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ အမှတ် (၁) စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းက ပြိုင်ပွဲကျင်းပခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ပေးအပ်

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်စား အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက ၂၀၀၉ခုနှစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ အသင်းလိုက်(အကျောပေး)ပြိုင်ပွဲ ပထမနှင့် အသင်းလိုက် (အကျောမဲ့)ပြိုင်ပွဲ ပထမရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာန အသင်းခေါင်းဆောင်အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလားကြီးများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးက အသင်းလိုက် (အကျောပေး)ပြိုင်ပွဲတွင် ဒုတိယဆုရ ပို့ဆောင်ရေးဝန်ကြီးဌာန အသင်းနှင့် တတိယဆုရ သစ်တောရေးရာဝန်ကြီးဌာနအသင်းတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်က အသင်းလိုက်(အကျောမဲ့)ပြိုင်ပွဲတွင် ဒုတိယဆုရ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းနှင့် တတိယဆုရ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန အသင်းတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ အမှတ်(၁) စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းက အသင်းလိုက် (အကျောပေး) ပြိုင်ပွဲနှင့် အသင်းလိုက် (အကျောမဲ့) ပြိုင်ပွဲများတွင် အကောင်းဆုံး အရှုံးသမားဆုရရှိကြသည့် အသင်းများ၊ Most Birdie၊ Most Par၊ Longest Drive နှင့် Nearest Pin ဆုရရှိကြသူများအားလည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက တစ်ဦးချင်း (အကျောပေး) ပြိုင်ပွဲ၌ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများအား လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်က တစ်ဦးချင်း (အကျောမဲ့) ပြိုင်ပွဲ၌ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများအား လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအုန်းမြင့်နှင့် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများက အသင်းလိုက် အကောင်းဆုံး ရိုက်ချက်ဆုရရှိကြသူများအားလည်းကောင်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က တစ်ဦးချင်း(အကျောပေး) အဆင့်(၄)မှ အဆင့် (၁၃)အထိ ဆုရရှိကြသူများအား လည်းကောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က တစ်ဦးချင်း(အကျောပေး) အဆင့်(၁၄)မှ အဆင့်(၂၀) အထိ ဆုရရှိကြသူများအားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

၂၀၀၉ခုနှစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အသင်းလိုက်(အကျောပေး) ပြိုင်ပွဲ၌ စုစုပေါင်းရိုက်ချက် (၆၆၇)ချက်ဖြင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ပထမ၊ စုစုပေါင်းရိုက်ချက် (၆၉၁)ချက်ဖြင့် ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းက ဒုတိယ၊ စုစုပေါင်း ရိုက်ချက် (၆၉၁)ချက်ဖြင့် သစ်တောရေးရာဝန်ကြီးဌာနအသင်းက တတိယ အသီးသီးရရှိကြသည်။

အသင်းလိုက် (အကျောမဲ့) ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက်(၈၁၇)ချက်ဖြင့် ကာကွယ်ရေးဝန်ကြီးဌာန အသင်းက ပထမ၊ စုစုပေါင်းရိုက်ချက်(၈၃၉)ချက်ဖြင့် ပို့ဆောင်ရေးဝန်ကြီးဌာန အသင်းကဒုတိယ၊ စုစုပေါင်းရိုက်ချက် (၈၅၅)ချက်ဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအသင်းက တတိယ အသီးသီးရရှိကြသည်။

တစ်ဦးချင်း (အကျောပေး) ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက်(၁၂၆)ချက်ဖြင့် ကာကွယ်ရေးဝန်ကြီးဌာန အသင်းမှ ဗိုလ်မှူးခင်မောင်လတ်က ပထမ၊ စုစုပေါင်းရိုက်ချက်(၁၂၈)ချက်ဖြင့် သစ်တောရေးရာဝန်ကြီးဌာနအသင်းမှ ဦးဝင်းကျော်က ဒုတိယ၊ စုစုပေါင်းရိုက်ချက်(၁၃၁)ချက်ဖြင့် နေပြည်တော် စည်ပင်သာယာရေးကော်မတီအသင်းမှ ဦးစိုးဟန်က တတိယရရှိကြသည်။

တစ်ဦးချင်း (အကျောမဲ့) ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက်(၁၆၀)ဖြင့် ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းမှ ဦးဇော်မင်းက ပထမ၊ စုစုပေါင်းရိုက်ချက် (၁၆၁)ချက်ဖြင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ ဗိုလ်မှူးမောင်မောင်မြင့်က ဒုတိယ၊ စုစုပေါင်းရိုက်ချက်(၁၆၁)ချက်ဖြင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ ဗိုလ်ကြီးဟိန်းမင်းထက်က တတိယရရှိကြသည်။

အသင်းလိုက် (အကျောပေး) ပြိုင်ပွဲတွင် အကောင်းဆုံး အရှုံးသမားဆုကို အလုပ်သမားဝန်ကြီးဌာန အသင်းကရရှိပြီး အသင်းလိုက် (အကျောမဲ့) ပြိုင်ပွဲတွင် အကောင်းဆုံး အရှုံးသမားဆုကို ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းက ရရှိသည်။

အသီးသီးရရှိ

Most Birdie ဆုကို အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းမှ ဦးစိန်ငွေနှင့် သစ်တောရေးရာဝန်ကြီးဌာနအသင်းမှ ဦးထွန်းလွင်တို့က လည်းကောင်း၊ Most Par ဆုကို ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ကြီးဟိန်းမင်းထက်နှင့် ဗိုလ်မှူးခင်မောင်လတ်တို့က လည်းကောင်း၊ Longest Drive ဆုကို ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းမှ ဦးမျိုးလွင်ဦး၊ အလုပ်သမားဝန်ကြီးဌာန အသင်းမှ ဦးထွန်းရှိန်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြ... အသင်းမှ ဦးကျော်ဆွေနှင့် ဦးကျော်ဇေယျ၊ အမှတ်... ဌာနအသင်းမှ ဦးဖြိုးဇော်ငြိမ်း၊ ပို့ဆောင်ရေးဝန်ကြီး... ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ ရဲမှူးကြီးအုန်းမြင့်... est Pin ဆုကို နယ်စပ်ဒေသနှင့် တိုင်းရင်းသာ... ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအသင်းမှ ... စက်မှုဝန်ကြီးဌာနအသင်းမှ ဦးသိန်းဟန်နှင့် ဦးညွန့်... ဌာနအသင်းမှ ဦးပေါလွင်စိန်၊ ရထားပို့ဆောင်... ဦးသောင်းလွင်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်... ဦးမြင့်ဝင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်းမှ ဒေါ်... ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနအသင်း... လည်းကောင်း အသီးသီးရရှိကြသည်။

ဆုချီးမြှင့်ပွဲ အခမ်းအနားအပြီးတွင် ဆုရ... အသင်းလိုက် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသ...

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ၂၀၀၉... သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ အသင်းလိုက် (အကျောပေး)ပြိုင်ပွဲ ပထမရရှိသည့် ... အသင်းခေါင်းဆောင်အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဖလားကြီးကို ပေးအပ်ချီးမြှင့်စဉ်။

အငြင်းပွားဖွယ် ပယ်နယ်တီဂိုးကြောင့် မြန်မာအမျိုးသမီးအသင်း အနိုင်သုံးမှတ် လက်လွတ်ခဲ့ရ

သတင်းနှင့် ဓာတ်ပုံ-စိုးညွန့် (ခေတ္တ-ဗီယင်ကျန်း)

ဗီယင်ကျန်း ဒီဇင်ဘာ ၆

(၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲ၏ ဒုတိယနေ့ပွဲစဉ်များကို ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ၁နာရီက လာအိုနိုင်ငံ ဗီယင်ကျန်းမြို့ အားကစားရွာရှိ တက္ကသိုလ်ကွင်းတွင် ဆက်လက်ကျင်းပရာ မြန်မာအသင်းနှင့် ထိုင်းအသင်းတို့ တစ်ဖက်နှစ်ဂိုးစီ သရေပွဲဖြစ်သွားသည်။

မြန်မာအမျိုးသမီးအသင်း-နှစ်ဂိုး။
ထိုင်းအမျိုးသမီးအသင်း-နှစ်ဂိုး။

မြန်မာ အမျိုးသမီးအသင်းမှာ ယနေ့ပွဲတွင် ပထမပွဲထက် ခြေစွမ်းပြကစားနိုင်ခဲ့ပြီး ဦးဆောင်ဂိုးများ နှစ်ကြိမ်တိုင် ရရှိခဲ့သော်လည်း ပွဲပြီးခါနီးတွင် ပေးခဲ့ရသော အငြင်းပွားဖွယ် ပယ်နယ်တီဂိုးဖြင့် ချေပဂိုး ပြန်ပေးရကာ အနိုင်သုံးမှတ် လက်လွတ်ခဲ့ရသည်။ ပွဲဦးထွက်ပွဲတွင် အိမ်ရှင်လာအိုအသင်းကို မချော်လင့်ဘဲ သရေကျခဲ့၍ မြန်မာအသင်းမှာ ယခုပွဲတွင် အနိုင်ရရှိရေးအတွက် ပွဲစကတည်းက တိုက်စစ်အား မြှင့်ကစားခဲ့သည်။

ထိုင်းအသင်း၏ ထိုးဖောက်မှုကို မြန်မာနောက်ခံလူ စန်းစန်းမော် ဖျက်ထုတ်နေစဉ်။ (မြန်မာ့အလင်း)

ပထမပွဲတွင် မလေးရှားအသင်းကို ဂိုးပြတ်အနိုင်ရရှိထားသည့် ထိုင်းအသင်းမှာ ခက်ခက်ခဲခဲ ကစားခဲ့ရပြီး နောက်မှလိုက်ကာ ချေပဂိုးများ သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ ၁၇မိနစ်တွင် မြန်မာအသင်း ဦးဆောင်ဂိုး ရရှိခဲ့ပြီး ခင်မာလာထွန်းက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ပထမပိုင်းအပြီးတွင် မြန်မာအသင်းက တစ်ဂိုးအသာဖြင့် ဦးဆောင်နိုင်ခဲ့ပြီး ဒုတိယပိုင်းအစတွင် ထိုင်းအသင်းက ချေပဂိုးရရှိရန် ကစားအား မြှင့်လာခဲ့သည်။ ၆၁မိနစ်တွင် အသင်းခေါင်းဆောင် ဆူဖာဖွန်က ပြစ်ဒဏ်ဘောမှတစ်ဆင့် ထိုင်းအသင်းအတွက် ချေပဂိုးသွင်းယူခဲ့သည်။

ဗီယက်နမ်

မြန်မာ အမျိုးသမီးအသင်းသည် ဒီဇင်ဘာ၈ရက်တွင် ဗီယက်နမ်အသင်းနှင့် ကစားရမည်ဖြစ်သည်။ ဒုတိယပွဲစဉ်တွင် ဗီယက်နမ်အသင်းက မလေးရှားအသင်းကို ရှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ယနေ့ပွဲအပြီးတွင် အမျိုးသမီးအုပ်စု ပတ်လည်ပွဲစဉ်များတွင် ထိုင်းအသင်းက နှစ်ပွဲကစား လေးမှတ်၊ ဗီယက်နမ်အသင်းက တစ်ပွဲကစား သုံးမှတ်၊ မြန်မာအသင်းက နှစ်ပွဲကစား နှစ်မှတ်၊ လာအိုအသင်းက တစ်ပွဲကစား တစ်မှတ်၊ မလေးရှားအသင်းက နှစ်ပွဲကစား အမှတ်မရရှိသေးချေ။

(မြန်မာ့အလင်း)

မြန်မာပို့စ်ဂျာနယ် ယခုအပ...

နေပြည်တော် ဒီဇင်ဘာ ...

မြန်မာပို့စ်ဂျာနယ် အတွဲ(၁)၊အမှတ်(၂၃)ကို ... အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်... က မြန်မာတစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာပို့စ်ဂျာနယ်တွင် ကမ္ဘာ့နိုင်ငံအသီးသီးက ကျ... ပညာပေးစည်းရုံးတိုက်တွန်းနှိုးဆော်နေကြသည့် ကိုယ်လ... "ကျန်းမာရေးပြဒါးရှင်လုံး လိုရာသုံး" ပညာပေးမှ... ၂၀၀၉ခုနှစ် ခရီးသွားရာသီအတွင်း မှန်းဆထားသည်ထ... ရသည့် ဟိုတယ်ဇုန်အသီးသီး၏ အခြေအနေကို လေ့... ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဦးမော့လာပြီ" သတင်း... ပညာရှင် ဒေါက်တာဦးထွန်းလွင်အား အာရှနှင့် အာဖ... ဘေးအန္တရာယ် ကြိုတင်သတိပေး ထုတ်ပြန်ရေးဗဟိုဌာန... ခန့်အပ်၊ သီရိလင်္ကာ အရှေ့ဘက်ကမ်းခြေတွင် မျော... များအား သီရိလင်္ကာရေတပ်ကယ်ဆယ်၊ အိန္ဒိယ-မြ... အကောင်အထည်ဖော်မည်၊ မြန်မာပြည်၏ အကြီးမားဆုံး... သွန်းလောင်း၊ အသည်းအစားထိုးကုသရန် အိန္ဒိယကို... ပြည်တွင်းသတင်း စုံစုံလင်လင် ဖော်ပြပါရှိသည်။

ဆရာမောင်ဝံသ၏ အိမ်ဖြူတော်၏ ပထမဆုံး... အောင်ထွန်းသက်၏ သတ္တိရှိတဲ့ နောက်လိုက်များ ... ဒေါက်တာစိန်စိန်သိန်း၏ ဒေသတွင်း အစိုးရမဟုတ်...

အသင်းမှ ဦးထွန်းရှန်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန အသင်းမှ ဦးကျော်ဆွေနှင့် ဦးကျော်ဇေယျ၊ အမှတ် (၁)လျှပ်စစ်စွမ်းအားဝန်ကြီး ဌာနအသင်းမှ ဦးဖြိုးဇော်ငြိမ်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းမှ ဦးဇော်မင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ ရဲမှူးကြီးအုန်းမြင့်တို့ကလည်းကောင်း၊ Nearest Pin ဆုကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအသင်းမှ ဦးစောမြင့်ထွန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာနအသင်းမှ ဦးသိန်းဟန်နှင့် ဦးညွန့်အောင်၊ နိုင်ငံခြားရေးဝန်ကြီး ဌာနအသင်းမှ ဦးပေါ်လွင်စိန်၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာနအသင်းမှ ဦးသောင်းလွင်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အသင်းမှ ဦးမြင့်ဝင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်းမှ ဒေါက်တာမောင်ဖြူ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနအသင်းမှ ဦးကျော်စွာသွင်တို့က လည်းကောင်း အသီးသီးရရှိကြသည်။

ဆုချီးမြှင့်ပွဲ အခမ်းအနားအပြီးတွင် ဆုရပြိုင်ပွဲဝင်အသင်းများသည် အသင်းလိုက် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

(သတင်းစဉ်)

...င်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ၂၀၀၉ခုနှစ် နိုင်ငံတော်အေးချမ်း ...ပြိုင်ပွဲ အသင်းလိုက် (အကျောပေး)ပြိုင်ပွဲ ပထမရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာန ...ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဖလားကြီးကို ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဖလားကြီးနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်

၂၀၀၉ခုနှစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ အသင်းလိုက် (အကျောပေး) ပြိုင်ပွဲ ပထမနှင့် အသင်းလိုက် (အကျောမဲ့) ပြိုင်ပွဲတွင် ပထမရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနအသင်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဖလားကြီးနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

(သတင်းစဉ်)

ရေဝတီတိုင်း ထူးကြီး အထက ပထမအကြိမ် မြတ်ဆရာပူဇော်မည်

ရန်ကုန် ဒီဇင်ဘာ ၆

ဧရာဝတီတိုင်း အင်္ဂပူမြို့နယ် ထူးကြီးမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ပညာသင်ကြားပို့ချခဲ့ကြသော အသက်(၆၀)ပြည့် အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများက ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၆ရက် (စနေနေ့) နံနက် ၉နာရီတွင် ထူးကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ထူးကြီးအသင်း (ရန်ကုန်)အသင်းရုံး အမှတ်(၁၂) ခေါင်ရမ်းလမ်း (၈)ရပ်ကွက် ပုဇွန်တောင်မြို့နယ် ဖုန်း-၃၉၇၈၇၃မှ မော်တော်ယာဉ်များ ၂၅-၁၂-၂၀၀၉ရက် (သောကြာနေ့) နံနက်၅နာရီတွင် စတင်ထွက်မည်ဖြစ်သည်။

ဆက်သွယ်နိုင်

လိုက်ပါကြမည့် အပူဇော်ခံ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများသည် ဒီဇင်ဘာ၁၂ရက် နောက်ဆုံးထားပြီး စာရင်းပေးပို့ကြပါရန်နှင့် စုံစမ်းမေးမြန်း ဆက်သွယ်လှူဒါန်းလိုသူများသည် ဦးမျိုးသန့် ဖုန်း-၀၉-၅၀-၃၈၉၇၃၊ ဦးမြင့်သိန်း ဖုန်း-၂၉၃၀၅၆၊ ဦးမြင့်သန်း ဖုန်း-၂၉၄၁၅၀၊ ဗိုလ်မှူးကြည်ဝင်း(ငြိမ်း) ဖုန်း-၆၉၅၆၂၂၊ ဦးခင်မောင်ကြည် ဖုန်း-၀၉-၅၁-၈၂၄၄၁၊ ဦးတင်ဝင်း ဖုန်း-၀၉-၅၁-၉၆၄၈၆၊ ဦးတင်ဦး ဖုန်း-၀၉-၅၁-၅၁၆၈၈၇၊ ဦးထွန်းစိုးဦး ဖုန်း-၅၅၄၄၈၀၊ ဒေါ်ယဉ်ဌေး ဖုန်း-၀၉-၅၅-၀၄၆၇၂၊ ဗိုလ်ကြီး စန္ဒာနွယ်(ငြိမ်း) ဖုန်း-၀၉-၉၉-၇၀၁၂၆ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

တောင်ကြီးကောလိပ် ကျောင်းသားကျောင်းသူများ ကောဒသမအကြိမ် အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၆

တောင်ကြီးကောလိပ်တွင် ပညာသင်ကြားခဲ့သော ကျောင်းသားကျောင်းသူများက တောင်ကြီးကောလိပ် စတင်တည်ထောင်သည်မှ ၁၉၇၄ပညာသင်နှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သော ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာဆရာမများအား ဧကာဒသမအကြိမ် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၆ရက် (စနေနေ့) နံနက်၉ နာရီတွင် ရန်ကုန် YMCA ခန်းမ၌ ကျင်းပမည် ဖြစ်သည်။ ဖိတ်စာမရရှိသော ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူဟောင်းများသည် အောက်ပါပုဂ္ဂိုလ်များနှင့် ဆက်သွယ်ရယူနိုင်သည်။

ဆက်သွယ်လှူဒါန်း

အလှူငွေပါဝင်လှူဒါန်းလိုသူ ကျောင်းသား ကျောင်းသူဟောင်းများသည် ဦးမြင့်လွင်ခိုင်-ဒေါ်မြင့်မြင့်တင် ဖုန်း-၃၇၄၈၅၀၊ ၀၉-၅၀-၄၆၈၉၉၊ ဒေါက်တာသာညာဏ် ဖုန်း-၂၉၄၁၂၈၊၂၉၄၁၀၉၊၂၉၆၄၃၅၊စိုင်းစိုးမြင့်-ဆွေဒေါ်စု စုသန်းဖေ ဖုန်း-၅၇၉၃၉၃၊ ဦးအောင်မွန် ဖုန်း-၀၆၇-၃၀၂၇၇၊ လီယို ဖုန်း-၀၉-၅၀-၁၁၃၉၂၊ စိုင်းဇော်မင်း ဖုန်း-၀၈၄-၂၁၅၇၁၊ ဒေါ်စွမ် ဖုန်း-၂၂၃၂၂၅၊ ဒေါ်ထွေးခင် ဖုန်း-၂၂၃၉၀၃၊ ဒေါ်မေကြင် ဖုန်း-၂၉၅၆၃၈၊ ဦးအောင်မြင့် ဖုန်း-၀၆၄-၄၉၅၂၄၊ ဦးမောင်မောင်လေး ဖုန်း-၀၉-၅၀-၁၇၁၉၆၊ ဦးခင်မောင်ဆွေ ဖုန်း-၂၉၆၇၉၃၊ Melvin ကျော်သက် ဖုန်း-၀၂-၃၉၅၅၄၊ စိုင်းသိန်းထွေး ဖုန်း-၀၆၇-၂၂၀၇၄၊ ဒေါ်နန်းညွန့်တင် ဖုန်း-၀၆၇-၄၁၃၁၃၄၊ ဦးဝင်းလွင်- ဒေါ်မီမီချမ်း ဖုန်း-၀၈၁-၂၁၇၂၀၊ ဒေါ်ဆွေဆွေဦး ဖုန်း-၃၈၆၆၆၇၊ ဒေါ်စပ်သီတာထွေး ဖုန်း-၆၆၂၇၃၂၊ ဒေါ်မေမေတင် ဖုန်း-၇၀၈၅၃၃၊ ဒေါ်ခင်စစ်ဝေ ဖုန်း-၅၆၃၅၉၄၊ ဒေါ်ခင်ဝင့်အေးအေး ဖုန်း-၅၃၈၇၄၁၊ ဒေါ်စိန်စိန်မြင့် ဖုန်း-၀၈၂-၄၀၂၁၀၊ ဒေါ်နယ်လီထွန်း ဖုန်း-၀၂-၃၃၉၈၉၊ ဒေါ်တင်တင်နွဲ့ ဖုန်း-၀၆၇-၄၁၃၃၀၂၊ ဒေါ်ခင်စိမ်းဝင်း ဖုန်း-၀၆၄-၂၄၅၈၁၊ ဦးတင့်ရှိန် ဖုန်း-၆၈၀၄၀၂၊ ဒေါ်ယုယုလွင် ဖုန်း-၂၁၀၅၁၉၊ ဒေါ်စီစီဝင်း ဖုန်း-၅၅၆၇၃၇၊ ဒေါ်သိန်းသိန်းလှ ဖုန်း-၅၃၆၂၉၀၊ ဒေါ်ခင်လှလှ ဖုန်း-၆၆၆၇၁၁၃နှင့်ဦးခင်မောင်အေး ဖုန်း-၀၉-၅၁-၃၇၄၂၃တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ ***(သတင်းစဉ်)***

● ***ကျောဖုံးမှ***

ယနေ့ မျက်မှောက်ကမ္ဘာကြီးသည် ကုန်ကျငွေထက် ပိုမိုထိရောက် အကျိုးရလဒ်ရှိသော မီဒီယာများကို ရွေးချယ်လာချိန်တွင် ရေဒီယိုအသံလွှင့်လုပ်ငန်းသည် နားသောတဆင်လိုသူများအတွက် ရေဒီယိုတစ်လုံးသာလိုပြီး ကုန်ကျစရိတ်မရှိဘဲ ဖျော်ဖြေမှုအစီအစဉ်များကို ခံစားနိုင်ခြင်း၊ အလုပ်အကိုင်မပျက်ဘဲ မိမိနှစ်သက်ရာ အချိန်များအလိုက် ရွေးချယ်စရာ အစီအစဉ်များကို နားဆင်နိုင်ခြင်း၊ အချိန်နှင့်တစ်ပြေးညီ သတင်းအချက်အလက်များ ရရှိနိုင်ခြင်း၊ ကြော်ငြာရှင်များအနေဖြင့် အခြားမီဒီယာများထက် ကုန်ကျစရိတ် သက်သာစေပြီး အဆိုတော်ကြီးများမှာ ဓာတ်ပြားတစ်ချပ်ရရှိရေးအတွက် များစွာအချိန်ပေး ကြိုးပမ်းခဲ့ကြရ၏။ တိုင်းသိပြည်သိ အောင်မြင်ကျော်ကြားရေးအတွက် မြန်မာ့အသံရေဒီယိုတည်းဟူသော လေ့ကားထစ်သာရှိခဲ့ပေ၏။

ယခု မျက်မှောက်ခေတ်တွင်မူ မြန်မာ့အသံ အသံလွှင့်ဌာနနှင့်အတူ ပုဂ္ဂလိက FM အသံလွှင့်ဌာနများသည်လည်း ခေတ်၏တောင်းဆိုမှုနှင့်အတူ အများအပြားပေါ်ပေါက်လာခဲ့သည်ကို တွေ့ရသည်။

ထွင်းဖောက်

မန္တလေး FM ၏ ညီနောင်အသံလွှင့်ဌာန တစ်ခုဖြစ်သည့် ပဉ္စဝတီ FM Radio Station သည် ပြည်

ပဉ္စဝတီ FM ရေဒီယို၏ သောတရှင် ပရိသတ်များအတွက် အဆိုတော်ကျားပေါက်နှင့် တွေ့ဆုံခန်း အစီအစဉ်မြင်ကွင်း။ (သတင်းစဉ်)

ပြန်လည်ရရှိနိုင်သည့်ရလဒ်က ပိုများခြင်းတို့ကြောင့် ရေဒီယိုယဉ်ကျေးမှုသည် ဆက်လက်ပန်းပန်လျက်ပင်။

ကြိုးပမ်း

စာရေးသူတို့ ဘိုးဘွားမိဘများလက်ထက်သာမက ကျွန်တော်တို့ ငယ်စဉ်ဘဝ တစ်လျှောက်လုံးကိုလည်း ရေဒီယိုဖြင့်သာ ဖက်တွယ်ကြီးပြင်းလာခဲ့ကြရ၏။ ထိုခေတ် ထိုအခါက

တွင်းမှ အသိပညာရှင်၊ အတတ်ပညာရှင်နှင့် အနုပညာရှင်များ ပူးပေါင်း၍ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့၏ လေလှိုင်းအတွင်းသို့ အောင်မြင်ဝင့်ကြွားစွာ ထပ်မံထွင်းဖောက် ပေါ်ထွက်လာခဲ့ပြန်ပါသည်။

ပဉ္စဝတီ FM အသံလွှင့် အစီအစဉ်ကို ၂၀၀၉ ခုနှစ် မတ်လ ၂၇ရက်မှ စတင်၍ ထုတ်လွှင့်ခဲ့သည်။ စတင်ထုတ်လွှင့်စဉ်က ပြန်လည်ထုတ်လွှင့်ခြင်း စနစ်အပါအဝင် နံနက် ၇နာရီမှ ၁၁နာရီ၊ နံနက်၁၁နာရီမှ ညနေ ၃နာရီ၊ ညနေ ၃နာရီမှ ညပိုင်း ၇နာရီအထိ တစ်နေ့ သုံးကြိမ် ထုတ်လွှင့်ခြင်းကို ၂၀၀၉ခုနှစ် မေ ၂၀ရက်အထိ ဆောင်ရွက်ပေးခဲ့သည်။

ထုတ်လွှင့်

တစ်ဖန် ၂၀၀၉ခုနှစ် မေ ၂၁ရက်မှစ၍ ပြန်လည်ထုတ်လွှင့်ခြင်းမပါဘဲ နံနက် ၇နာရီမှ ည ၇နာရီအထိ တစ်ချိန်တည်း ဆက်တိုက် ၁၂နာရီကြာမျှ ထုတ်လွှင့်ပေးခဲ့၏။ ဆက်လက်၍ ယနေ့ကာလအထိ နံနက် ၆နာရီမှ ည ၁၀နာရီအထိကို ပြန်လည်ထုတ်လွှင့်ခြင်း စနစ်မပါဘဲ တစ်နေ့လျှင် ဆက်တိုက် ၁၆နာရီကြာမျှ ထုတ်လွှင့်ပေးလျက်ရှိသည်။

လွှမ်းခြုံထုတ်လွှင့်သည့် ဒေသများမှာ ရခိုင်ပြည်နယ် စစ်တွေနှင့် ၂၅မိုင် ပတ်လည်၊ ဧရာဝတီတိုင်း ပုသိမ်မြို့နှင့် ၂၅မိုင်ပတ်လည်တို့

ပဉ္စဝတီ FM ရေဒီယို တည်းဖြတ်ခန်း။ (သတင်းစဉ်)

ဖြစ်ပြီး ထုတ်လွှင့်သည့် Frequency မှာ ၈၈ဒသမ၀ MHz ဖြစ်သည်။

နေ့စဉ် Program များအဖြစ် စေတီတော်သမိုင်း၊ ဓမ္မပဒ၊ ဗုဒ္ဓပူဇနိယသီချင်း၊ ဓမ္မတေး၊ နံနက်ခင်း မြန်မာသီချင်း၊ ယနေ့ ထမင်းဝိုင်း၊ အမှတ်တရ ခေတ်ပေါ်၊ စတီရီယို ခေတ်ပေါ်၊ စတီရီယိုလူငယ်အကြိုက်၊ နံနက်ခင်းသတင်း၊ ဧရာမြေမှ တေးသံသာ၊ English Oldies Song၊ တေးဖွင့်သူရဲ့ လက်ရာမွန် (ခေတ်ပေါ်)၊ သူကြိုက် ကိုယ်ကြိုက်၊ Heart To Heart၊ အမှတ်တရ ငွေကြယ်ပွင့်များ၊ ခံစားနားဆင် ရသနှစ်သွင်၊ ပါရမီရှင်တို့ရဲ့ အမှတ်တရတေး၊ နေပြည်တော်သတင်း၊ သူတို့သီချင်း သူတို့သတင်း (နိုင်ငံတကာ)၊ VCD နှင့် Website လမ်းညွှန်၊ ယနေ့ သိပ္ပံစာလွှာပါး၊ သမီးလေးဖတ်ဖို့၊ မင်္ဂလာရှိသော ဆုတောင်းများ (ဧရာဝတီ)၊ အားကစားစာမျက်နှာ၊ Top Ten၊ ဆေးဖက်ဝင်၊ ရေဒီယိုကဗျာဆရာ၊ ဂီတကုထုံး၊ လေလှိုင်းကြားမှ စာအုပ်စင်၊ ကမ္ဘာကျော်သိပ္ပံပညာရှင်၊ ဂန္ထဝင်တေးစီးရီး၊ FM Music Show၊ စာလွှာပါးတဲ့ တေးလက်ဆောင် (ရခိုင်)၊ Pyinsawadi FM for Kits၊ Pyinsawadi FM Selection၊ Album Collection၊ နှလုံးသားစုစည်းမှု၊ ရောက်တတ်ရာရာ၊ ဩော်ဒါနဲ့ စကားမစပ်၊ အိပ်မက်ချိုစသည့် အစီအစဉ်များကို တင်ဆက်ပေးလျက်ရှိသည်။

ပြန်လည်ရရှိနိုင်

အစီအစဉ်များ ထုတ်လွှင့်ရာတွင် ဖျော်ဖြေရေးကို ဦးစားပေးပုံစံဖြစ်ရာ ကြော်ငြာရှင်များအနေဖြင့် လူပရိသတ်များများကို ကြော်ငြာပေးနိုင်မည်ဖြစ်၍ ထိရောက်သော အကျိုးကျေးဇူးများ ပြန်လည်ရရှိနိုင်ကြောင်း သိရသည်။

ပဉ္စဝတီ FMသည် မန္တလေး FM ၏ ညီနောင်အသံလွှင့်ဌာနဖြစ်၍ လက်ရှိအောင်မြင်နေသော မန္တလေး FM ၏ စံချိန်စံညွှန်းနှင့်အညီ များမကြာမီကာလအတွင်းဝယ် နားသောတဆင်သူပရိသတ်များအကြား၌ အောင်မြင်ရေပန်းစားလာပါဦးမည်။

အသက်(၇၀)ကျော် အရွယ်ရှိ အဘဦးချစ်ဖေက "အဘတို့ နံနက် အရုဏ်တက် ဘုရားဝတ်ပြု၊ ဘာဝနာပွားပြီး နံနက် ၆ နာရီထိုးလို့ FM အစီအစဉ်ဖွင့်လိုက်တာနဲ့ စေတီတော်သမိုင်း၊ ဓမ္မပဒ၊ ဗုဒ္ဓပူဇနိယတေး၊ ဓမ္မတေးတွေကို ကြားလိုက်ရတော့ စိတ်ထဲမှာ တော်တော်လေးကို ကြည်နူးမိပါတယ်" ဟူ၍ FM ရေဒီယိုအပေါ် ဖွင့်ဟပြပါသည်။

ဖွင့်ဟပြောကြား

အသက် (၇၀) ကျော်အရွယ်ရှိ ကျွန်တော်၏ ဘွားလေး ဒေါ်သန်းမြင့်ကလည်း "အဘွားက ရုပ်ရှင်ကို ငယ်ငယ်လေးကတည်းက ကြိုက်တာ၊ ကားသစ်တင်တိုင်း ကလေးတွေ တစ်ပြုံကြီးနဲ့လည်း သွားကြည့်တာပဲ၊ အခုအသက်ကြီးလို့ ဘုရား၊ တရားအပေါ် အာရုံပြုပေးမယ့်လည်း သမီးတွေ၊ မြေးတွေ TV တို့ FM ရေဒီယိုတို့ဖွင့်ရင် ခဏတစ်ဖြုတ်တော့ကြည့်ဖြစ်၊ နားထောင်ဖြစ်တယ်၊ သက်ကြီးပိုင်းတွေ နားထောင်ဖို့ ခေတ်ဟောင်းတေးတွေလည်း ပြန်လွှင့်ထုတ် ပေးစေချင်တယ်၊ မိုးလေဝသ အစီအစဉ်ကတော့ ဒီနေ့ မောင်တို့ခေတ်မှာ မပါမဖြစ် အရေးကြီး သတင်းဖြစ်လို့ ဘွားလေး ပိုပြီး အာရုံစိုက် နားထောင်မိတယ်" ဟူ၍ FM ရေဒီယိုထုတ်လွှင့်မှုနှင့် စပ်လျဉ်းပြီး ဖွင့်ဟပြောကြားသည်။

မှန်ပေသည်။ ဧရာဝတီမြစ်ဝကျွန်းပေါ်နှင့် ရခိုင်ရိုးမတို့ကို ဖြတ်သန်းဝင်ရောက်လျက်ရှိသည့် ပဉ္စဝတီ FM လေလှိုင်းကား ဒေသခံပြည်သူများအတွက် ဂီတရသ၊ ဗဟုသုတသာမက သဘာဝဘေးအန္တရာယ်ဆိုင်ရာ အချက်အလက်များကိုပါ အချိန်နှင့်တစ်ပြေးညီ လွှင့်ထုတ်ပေးလျက်ရှိရာ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူ ရရှိနိုင်ပြီးဖြစ်၍ နှစ်ထောင်းအားရစွာ ကြိုဆိုမိပါ၏။

ပိုမိုသိရှိ

အလားတူ FM ယဉ်ကျေးမှုပန်းခင်းကြီးအတွင်း FM အသံလွှင့် အစီအစဉ်တစ်ခု မွေးဖွားသန့်စင်လာမှုသည် လူတို့၏ဟဒယ စိတ်နှလုံးကို နူးညံ့ပျော့ပျောင်းစေသော စိတ်အာဟာရကို ဖြည့်တင်းပေးနိုင်သော တေးဂီတဖျော်ဖြေ ခံစားနိုင်မှုသာမက ဗဟုသုတအဖြာဖြာကိုလည်း ထည်ထည်ဝင်ဝင် ပိုမိုသိရှိနိုင်မည်ဖြစ်၍ FM ပရိသတ်စစ်စစ်တစ်ဦးဖြစ်သူ စာရေးသူအနေဖြင့်လည်း နွေးထွေးစွာ ကြိုဆိုမိပါတော့သည်။ ။

(သတင်းစဉ်)

ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့သို့ ပဉ္စဝတီ FM မှ အသံလွှင့်နေစဉ်။ (သတင်းစဉ်)

မြန်မာပို့စ်ဂျာနယ် ယခုအပတ်ထုတ်ထွက်ပြီ

နေပြည်တော် ဒီဇင်ဘာ ၆

မြန်မာပို့စ်ဂျာနယ် အတွဲ(၁)၊အမှတ်(၂၃)ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ United Media Group က မြန်မာတစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာပို့စ်ဂျာနယ်တွင် ကမ္ဘာ့နိုင်ငံအသီးသီးက ကျန်းမာရေးဆိုင်ရာ ဗဟိုချက်အဖြစ် ပညာပေးစည်းရုံးတိုက်တွန်းနိုးဆော်နေကြသည့် ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ရေးဆိုင်ရာ "ကျန်းမာရေးပြဒါးရှင်လုံး လိုရာသုံး" ပညာပေးမျက်နှာဖုံး သတင်းဆောင်းပါး၊ ၂၀၀၉ခုနှစ် ခရီးသွားရာသီအတွင်း မှန်းဆထားသည်ထက် ပိုမိုတိုးတက်မှု တွေ့ကြုံနေရသည့် ဟိုတယ်ဇုန်အသီးသီး၏ အခြေအနေကို လေ့လာတင်ပြထားသော "မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဦးမော့လာပြီ" သတင်းဆောင်းပါး၊ မြန်မာ့မိုးလေဝသပညာရှင် ဒေါက်တာဦးထွန်းလွင်အား အာရှနှင့် အာဖရိကဒေသများဆိုင်ရာ သဘာဝဘေးအန္တရာယ် ကြိုတင်သတိပေး ထုတ်ပြန်ရေးဗဟိုဌာနက အကြံပေးအဖြစ် တာဝန်ပေးခန့်အပ်၊ သီရိလင်္ကာ အရှေ့ဘက်ကမ်းခြေတွင် မျောပါနေသည့် မြန်မာရေလုပ်သားများအား သီရိလင်္ကာရေတပ်ကယ်ဆယ်၊ အိန္ဒိယ-မြန်မာ ရေနံပိုက်လိုင်းစီမံကိန်း အကောင်အထည်ဖော်မည်၊ မြန်မာပြည်၏ အကြီးမားဆုံး ကြေးသွန်းခေါင်းလောင်းကြီး သွန်းလောင်း၊ အသည်းအစားထိုးကုသရန် အိန္ဒိယကို ရွေးချယ် စသည့် သိမှတ်စရာ ပြည်တွင်းသတင်း စုံစုံလင်လင် ဖော်ပြပါရှိသည်။

ဆရာမောင်ဝံသ၏ အိမ်ဖြူတော်၏ ပထမဆုံးဧည့်သည်၊ ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်၏ သတ္တိရှိတဲ့ နောက်လိုက်များ သတ္တိရှိတဲ့ ခေါင်းဆောင်များ၊ ဒေါက်တာစိန်စိန်သိန်း၏ ဒေသတွင်း အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ အခန်းကဏ္ဍစသည့် ဆောင်းပါးများနှင့် အာဖဂန်နစ္စတန်သို့ အမေရိကန်တပ်ဖွဲ့ဝင်သုံးသောင်းထပ်မံစေလွှတ်၊ အိုကီနာဝါကျွန်းမှ အမေရိကန်စစ်စခန်း ပြောင်းရွှေ့ရန်တောင်းဆို၊ နေရောင်ခြည်စွမ်းအင်သုံး ပထမဆုံးလေယာဉ်ပျံ ပွဲဦးထွက်ပျံသန်း၊ ပေါင် ၄၅သန်း ကုန်ကျသည့် ရေအောက်ကမ္ဘာ ရုပ်ရှင်စသည့် နိုင်ငံတကာသိမှတ်ဖွယ်ရာ သတင်းများ ဖော်ပြထားသည်။

မြန်မာပို့စ်ဂျာနယ်၏ အပတ်စဉ်ထည့်သွင်းနေကျ ပြည်တွင်း၊ ပြည်ပ ရုပ်ရှင်နှင့် အနုပညာ၊ ဆက်သွယ်ရေးနှင့် နည်းပညာ၊ နိုင်ငံတကာအားကစား၊ ဗီဒီယိုမှတ်စု၊ စာအုပ်စင် တစေ့တစောင်းရုပ်ပုံလွှာ၊ ကိုရီးယားချစ်သူ၊ ဗဟုသုတနှင့် မှုခင်းစုံစသည့် ကဏ္ဍမျိုးစုံကို စုံလင်စွာ တင်ဆက်ဖော်ပြထားသည်။ **(သတင်းစဉ်)**

အင်္ဂလိပ်ပရီမီယာလိဂ် ဘောလုံးပွဲစဉ်(၁၅)

ဖူလ်ဟမ်	၁ - ၀	ဆန်းဒါးလန်း
အဲဗာတန်	၂ - ၂	တော့တင်ဟမ်

(မြန်မာ့အလင်း)

အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသော ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ

ကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများ

ဒေါက်တာစိုးလွင်ငြိမ်း

ကမ္ဘာ့လူတုပ်ကွေးရောဂါဟာ ၂၀၀၉ခုနှစ် မတ်လ အလယ်လောက်က စပြီး မက္ကဆီကိုနိုင်ငံမှ စတင်ကူးစက်ပြန့်ပွားလာတဲ့ အချိန်ကစလို့ လူတွေ စိတ်ဝင်စားစရာ ဖြစ်ခဲ့ပါတယ်။ ရောဂါဖြစ်စေတဲ့ ဗိုင်းရပ်(စ်)ပိုးဟာ မျိုးရိုးဗီဇ လေးမျိုးပေါင်းစပ်ထားတဲ့ ကမ္ဘာပေါ်မှာ တစ်ခါမှမပေါ်ဖူးသေးတဲ့ ဗိုင်းရပ်(စ်) အသစ်ဖြစ်ပြီး ကူးစက်မှုမြန်ဆန်ကြောင်း သိရှိခဲ့ရပါတယ်။ အဲဒီနောက် ဒေသတွင်း နိုင်ငံတွေကို အချိန်တိုအတွင်းကူးစက်ပြီး တစ်ကမ္ဘာလုံးကို ပျံ့နှံ့ခဲ့တာ ဖြစ်ပါတယ်။ ၂၀၀၉ ခုနှစ် ဧပြီလ ၂၄ရက်မှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေနဲ့ နိုင်ငံတကာ အရေးပေါ် ပြည်သူ့ကျန်းမာရေးပြဿနာ (Public Health Emergency of International Concern) အဖြစ် စတင်ကြေညာခဲ့ပြီး မကြာမီမှာပဲ ၂၀၀၉ခုနှစ် ဇွန်လ ၁၁ရက်နေ့မှာ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ အဆင့်(၆)အဖြစ် ကြေညာခဲ့ပါတယ်။ ၁၉၁၈၊ ၁၉၅၇၊ ၁၉၆၈ တို့မှာဖြစ်ခဲ့တဲ့ ကမ္ဘာ့လူတုပ်ကွေးရောဂါကြောင့် လူတွေသန်းနဲ့ချီပြီး အသက်ဆုံးရှုံးရကာ စီးပွားရေး၊ လူမှုရေးဆုံးရှုံးမှုတွေနဲ့ ရင်ဆိုင်ခဲ့ရတယ်။ ဒီလိုခါးသီးတဲ့ အတွေ့အကြုံတွေ ထပ်မံရင်မဆိုင်ရလေအောင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က နိုင်ငံတွေ အနေနဲ့ ယခု ၂၀၀၉ခုနှစ်မှာဖြစ်တဲ့ Pandemic (H1N1) ၂၀၀၉ ကမ္ဘာ့ လူတုပ်ကွေးရောဂါကာကွယ်ရေးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ဖို့ တိုက်တွန်းခဲ့ပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါကြိုတင်ကာကွယ်ရေးနဲ့ ပြင်ဆင်ရေးကို ၂၀၀၃ခုနှစ် ဆားစ်ရောဂါ ကာကွယ်နှိမ်နင်းရေးကို ဆောင်ရွက်ပြီးတာနဲ့ တစ်ဆက်တည်း ၂၀၀၄ခုနှစ် အစပိုင်းကစလို့ ကမ္ဘာ့ လူတုပ်ကွေးကပ်ရောဂါ ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးကို စီမံချက်တွေ ရေးဆွဲပြီး စတင်ပြင်ဆင် ဆောင်ရွက်ခဲ့တယ်။ လုပ်ငန်းတွေ ထိရောက်စွာ ဆောင်ရွက်နိုင်ဖို့အတွက် ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ကြိုတင် ပြင်ဆင်ရေးနဲ့ တုံ့ပြန်ဆောင်ရွက်ရေး ဗဟိုလုပ်ငန်းဦးစီးကော်မတီနဲ့ လုပ်ငန်း ကော်မတီတွေကို ကျန်းမာရေးဝန်ကြီးဌာန၊ အခြားဝန်ကြီးဌာနနဲ့ လူမှုရေးအဖွဲ့ အစည်းများမှ ကိုယ်စားလှယ်များနဲ့ ဖွဲ့စည်းဆောင်ရွက်ခဲ့တယ်။

လုပ်ငန်းတွေ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ဖို့ ရောဂါစောင့်ကြပ်ကြည့်ရှုရေးနဲ့ တုံ့ပြန်ဆောင်ရွက်ရေး ဆပ်ကော်မတီ၊ ရောဂါဓာတ်ခွဲစမ်းသပ်ရေးနဲ့ ရောဂါထိန်းချုပ်ရေး ဆပ်ကော်မတီ၊ ဆေးကုသရေး ဆပ်ကော်မတီ၊ ရောဂါ အတည်ပြုရေးဆပ်ကော်မတီ၊ ဆေးဝါးပစ္စည်းစုဆောင်းပြင်ဆင်ရေးနှင့် ကမ္ဘာ့ ကျန်းမာရေးအဖွဲ့အပါအဝင် နိုင်ငံတကာနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး ဆပ်ကော်မတီနဲ့ သတင်းပြန်ကြားရေးနှင့် ကျန်းမာရေးပညာပေးဆပ်ကော်မတီ စသဖြင့် ဆပ်ကော်မတီခြောက်ခု ဖွဲ့စည်းခဲ့သလို ပြည်နယ်နှင့်တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်တွေမှာလည်း ရောဂါတိုက်ဖျက်ရေးကော်မတီတွေ ဖွဲ့စည်း ဆောင်ရွက်ခဲ့တယ်။

ဒီလို ပြင်ဆင်တဲ့နေရာမှာ ရောဂါဖြစ်ပွားမှုသတင်းများ လျင်မြန်စွာ ရရှိရေးအတွက် ဆေးရုံနဲ့ ပြည်သူလူထုအခြေပြု ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းကို ရောဂါတိုက်ဖျက်ရေးအဖွဲ့တွေ (Rapid Response Team) ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ဆေးရုံတွေမှာ လူနာတွေကုသနိုင်ဖို့ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်း၊ ဆေးဝါးစုဆောင်းဖြန့်ဝေခြင်း၊ ဓာတ်ခွဲခန်း အရည်အသွေး တိုးမြှင့်ရေးလုပ်ငန်းတွေကို ဆောင်ရွက်ထားနိုင်ခဲ့တယ်။ ဒီကြားထဲမှာ သင်တန်းပေးတာတွေ၊ လေ့ကျင့်တာတွေ အများကြီးလုပ်ခဲ့ပါတယ်။

ဒါကြောင့်လည်း ယခုလို ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါဖြစ်တဲ့အခါမှာ မြန်မာနိုင်ငံအနေနဲ့ အသင့်ပြင်ဆင်ထားရှိပြီး အနေအထားနဲ့ ရောဂါတိုက်ဖျက်ရေးလုပ်ငန်းတွေကို ဆောင်ရွက်နိုင်ခဲ့တယ်။ နိုင်ငံတော်အစိုးရက အမြော်အမြင်ကြီးစွာနဲ့ ကမ္ဘာ့လူတုပ်ကွေးရောဂါ ထိရောက်စွာ ကာကွယ်နှိမ်နင်းနိုင်ဖို့အတွက် ကူးစက်ရောဂါတိုက်ဖျက်ရေး ဗဟိုကော်မတီနဲ့ တိုင်းနှင့်ပြည်နယ် ကူးစက်ရောဂါတိုက်ဖျက်ရေးကော်မတီတွေကို ဖွဲ့စည်းပေးခဲ့တယ်။ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးနဲ့ ဒုတိယဝန်ကြီးများရဲ့ ဦးဆောင်မှုဖြင့် ကျန်းမာရေးဦးစီးဌာန၊ ဗဟိုကူးစက်ရောဂါ တိုက်ဖျက်ရေးဌာနနဲ့ ပြည်နယ်နှင့်တိုင်းတွေမှာ ပြည်နယ်၊တိုင်းအဆင့် ကူးစက်ဆရာဝန်ကြီးတွေ၊ ပြည်နယ်၊တိုင်း ကျန်းမာရေး ဦးစီးဌာနမှူးတွေ၊ ဆေးတက္ကသိုလ်က ပါမောက္ခချုပ်တွေနဲ့ ဆေးရုံအုပ်တွေ ပါဝင်တဲ့ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါတိုက်ဖျက်ရေး စီမံခန့်ခွဲမှုကော်မတီတွေ ဖွဲ့စည်းပြီး ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဆေးရုံတွေမှာလည်း ဆေးရုံအုပ်ကြီး၊ သမားတော်ကြီးများနဲ့ ကူးစက်ရောဂါ ဆရာဝန်ကြီးတွေပါတဲ့ ဆေးကုသရေးကော်မတီတွေ ဖွဲ့စည်းပြီး ကမ္ဘာ့လူတုပ်ကွေး လူနာတစ်ဦးချင်းကို စနစ်တကျ ကုသပေးနေတာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ အခုဆိုရင် ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေးကို ဆောင်ရွက်ခဲ့တာ ခုနစ်လအတွင်းရှိပြီး ၂၇-၁၁-၂၀၀၉ရက်နေ့အထိ ကမ္ဘာ့လူတုပ်ကွေး အတည်ပြု လူနာ ၆၆ယောက်ဖြစ်ပြီး သေဆုံးသူလုံးဝမရှိအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ရောဂါနှိမ်နင်းရေးကို ဆောင်ရွက်ရာမှာ မြန်မာနိုင်ငံအနေနဲ့ ရောဂါ ထိန်းချုပ်ရေးနည်းဗျူဟာ (Containment at source) နဲ့ ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ဒီနည်းဗျူဟာနဲ့ ရောဂါဖြစ်ပွားသူကို စောစီးစွာ ရှာဖွေခြင်းနှင့် ရောဂါရှိသူထံက အခြားသူများကို ရောဂါပိုးမကူးစက်အောင် ဆောင်ရွက်တဲ့ နည်းဗျူဟာဖြစ်ပါတယ်။ အဲဒီလို ဆောင်ရွက်တဲ့အခါ လူနာကို သီးသန့်ထားရှိပြီး ဆေးကုသပေးသလို၊ လူနာနဲ့ အနီးကပ် ထိတွေ့သူတွေကို အိမ်နဲ့ဟိုတယ်တွေမှာ နေ့စဉ်၁၀ရက်တိတိ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း၊ အိမ်တွင် သီးသန့် နေထိုင်စေခြင်း စတာတွေကို ဆောင်ရွက်လျက်ရှိပါတယ်။

ဒါကြောင့် ရောဂါပိုးဟာ အခြားနေရာကို မကူးစက်နိုင်တော့ဘဲ ဖြစ်တဲ့ နေရာမှာပင် ထိန်းချုပ်ပြီးသား ဖြစ်သွားတယ်။ သီးသန့်နေရတဲ့ လူနာနဲ့ အနီးကပ် အတူနေတွေမှာ နေထိုင်စားသောက်ရေးနဲ့ ဆေးကုသရေး တစ်နေရာတည်းမှာ အဆင်သင့် အဆင်ပြေအောင် ဆောင်ရွက်ပေးနိုင်တဲ့ နည်းဗျူဟာဖြစ်ပါတယ်။ ဒါကို အဲဒီလို မနေချင်သူတွေလည်း ရှိကြပါတယ်။ တကယ်တော့ သူတို့ရဲ့ ကျန်းမာရေးကို ကျန်းမာရေးဌာနက တာဝန်ယူ ဆောင်ရွက်ပေးနေတာဖြစ်ပါတယ်။

အဲဒီလို ရောဂါထိန်းချုပ်တဲ့ နည်းဗျူဟာကို ဆောင်ရွက်နိုင်ခဲ့လို့ မြန်မာနိုင်ငံ အနေနဲ့ ၂၇-၁၁-၂၀၀၉ရက်နေ့အထိ လူနာ ၆၆ဦးသာရှိပြီး သေဆုံးသူမရှိသေးခြင်း ဖြစ်ပါတယ်။ ဒီလို မဆောင်ရွက်နိုင်ရင် အခြားနိုင်ငံမှာလို တစ်ဦးကနေ အခြားတစ်ဦးစီကို လျင်မြန်စွာ ကူးစက်ပြီး ဖြစ်ပွားသေဆုံးသူ များပြားနိုင်မှာ ဖြစ်ပါတယ်။

ပြည်သူလူထုအနေနဲ့ ရောဂါဖြစ်လျှင် ကျန်းမာရေးဌာနနဲ့မပြသဘဲ မိမိ သဘောနဲ့ ဆေးကုသခြင်းဖြင့် မိမိရဲ့ ကျန်းမာရေးအခြေအနေ ပိုမိုဆိုးရွားလာနိုင်သလို လူထုအတွင်းလည်း လျင်မြန်စွာ ရောဂါကူးစက်သွားနိုင်တဲ့ အခြေအနေရှိပါတယ်။ ဒါ့ကြောင့် ရောဂါထိန်းချုပ်ရေးနည်းဗျူဟာကို ပြည်သူလူထုအနေနဲ့ လိုက်နာဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။ အခြားနိုင်ငံတွေမှာက လူထုအတွင်း ရောဂါကူးစက်ပျံ့နှံ့မှုကို မထိန်းနိုင်တာကြောင့် ရောဂါထိန်းချုပ်ခြင်းနည်းဗျူဟာကို မကျင့်သုံးကြတော့ခြင်း ဖြစ်တယ်။

ရောဂါဖြစ်ပွားတဲ့ နိုင်ငံတိုင်းရောဂါထိန်းချုပ်မှုနည်းဗျူဟာ (Containment Strategy) ကို စတင်ဆောင်ရွက်ပေမယ့် ဒေသတွင်း ကူးစက်မှု များလာရင်တော့ ရောဂါဖြစ်ပွားသေဆုံးမှု လျော့နည်းရေးနည်းဗျူဟာ (Mitigation Strategy) ကို ပြောင်းလဲဆောင်ရွက်နေတာ တွေ့ရပါတယ်။ ရောဂါအခြေအနေပေါ် မူတည်ပြီး ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါဟာ ဒုတိယလှိုင်း (Second Wave) အနေနဲ့ ထပ်မံဖြစ်ပွားနိုင်သလို လာမည့် ဆောင်းရာသီမှာလည်း ရာသီတုပ်ကွေးနဲ့အတူ ပိုမိုဖြစ်ပွားနိုင်တယ်လို့ ခန့်မှန်းထားကြတယ်။ ဒီရောဂါကာကွယ်နှိမ်နင်းရေးကို အမြဲအသင့်အနေအထားနဲ့ ရင်ဆိုင်နိုင်ကြဖို့ လိုအပ်ပါတယ်။

နိုင်ငံတော်အစိုးရရဲ့ ဦးဆောင်လမ်းညွှန်မှု၊ ကျန်းမာရေးဝန်ကြီးဌာနနဲ့ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများရဲ့ အနီးကပ် ကြီးကြပ်ပံ့ပိုးမှုများနဲ့ တက်ကြွစွာပါဝင်မှုဟာ အဓိကအခန်းကဏ္ဍကပါဝင်မှုကြောင့် ကမ္ဘာ့လူတုပ်ကွေး ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းတွေမှာ အခက်အခဲများရှိသော်လည်း ကျော်လွှားနိုင်ခဲ့ခြင်းဖြစ်ပါတယ်။

ရောဂါဖြစ်ပွားမှုကို သုံးသပ်ရင် နိုင်ငံခြားက ပြန်လာသူတွေမှာ ရောဂါဖြစ်ပွားမှုရှိတာကို အများဆုံးတွေ့ရပါတယ်။ လေဆိပ်တွင် ပြည်ပမှ ပြန်လည်ရောက်ရှိလာတဲ့ ခရီးသည်များရဲ့ ကျန်းမာရေးစစ်ဆေးမှုများကို ဆောင်ရွက်လျက်ရှိရာ အဖျားရှိ၊ မရှိ တိုင်းတာသည့်ကိရိယာဖြင့် စိစစ်ပြီး ရောဂါသံသယရှိသူများကို ချက်ချင်းဖော်ထုတ်ကာ ရောဂါထိန်းချုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။ ဝင်လာတဲ့ ခရီးသည်တစ်ယောက်မှာ ရောဂါရှိကြောင်း အတည်ပြုဖော်ထုတ်မိရင် သူစီးလာတဲ့ လေယာဉ်တစ်စင်းလုံးက ခရီးသည်တွေရဲ့ လိပ်စာ အတိအကျရယူပြီး ဆက်လက် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းကို ၁၀ရက်တိတိ ဆောင်ရွက်ပါတယ်။ လေဆိပ်မှာ တာဝန်ထမ်းဆောင်နေကြတဲ့ ကျန်းမာရေးဝန်ထမ်းအပါအဝင် အခြားဌာနဆိုင်ရာဝန်ထမ်းတွေဟာလည်း နေ့စဉ် ဝင်ရောက်လာတဲ့ ခရီးသည်တွေရဲ့ ကျန်းမာရေးကို ကြိုးစားပမ်းစား စစ်ဆေးပေးလျက်ရှိပါတယ်။

သံသယလူနာတွေ ဖော်ထုတ်နိုင်ဖို့အတွက် လေယာဉ်ပေါ်မှာ ခရီးသည်တွေ ဖြည့်ရတဲ့ ကျန်းမာရေးစစ်တမ်းကတ်တွေဟာ ရောဂါစောင့်ကြပ်ကြည့်ရှုရေး အတွက် များစွာ အထောက်အကူပြုပါတယ်။ ခရီးသည်တွေအနေနဲ့ မိမိရဲ့ ခုံနံပါတ်၊ လေယာဉ်ခရီးစဉ်၊ နေရပ်လိပ်စာ တိတိကျကျနဲ့ လက်ရှိကျန်းမာရေး အခြေအနေများကို မှန်မှန်ကန်ကန် ဖြည့်စွက်ခြင်းအားဖြင့် ရောဂါထိန်းချုပ်ရေး လုပ်ငန်းတွေမှာ ပူးပေါင်းပါဝင်ရာ ရောက်ပါတယ်။ ရောဂါစောင့်ကြပ်ကြည့်ရှုရေးအဖွဲ့တွေမှာ သက်ဆိုင်ရာကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေး ဦးစီးဌာန၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာန၊ ပြည်နယ်၊တိုင်း ကျန်းမာရေး ဦးစီးဌာနနဲ့ မြို့နယ်ကျန်းမာရေးဦးစီးဌာနက ဝန်ထမ်းတွေနဲ့ တိုင်း၊ခရိုင်၊မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်တွေ ပါဝင်ပြီး နေ့စဉ် သံသယလူနာ ရှာဖွေခြင်းလုပ်ငန်းများကို ဆောင်ရွက်ပြီး တွေ့ရှိတာနဲ့ ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုအပါအဝင် ဆေးကုသရေးလုပ်ငန်းတွေကို ဆက်လက်စီစဉ် ဆောင်ရွက်ပေးနေပါတယ်။

ရောဂါတိုက်ဖျက်ရေး အဖွဲ့တွေ ရှာဖွေတွေ့ရှိတဲ့ သံသယလူနာတွေရဲ့ ဓာတ်ခွဲနမူနာတွေကို ဓာတ်ခွဲအတည်ပြုနိုင်ဖို့ ရန်ကုန်မြို့ရှိ ပြည်သူ့ကျန်းမာရေး ဓာတ်ခွဲဌာနက ကျန်းမာရေးဝန်ထမ်းတွေက နေ့ညမနား တာဝန်ခွဲဝေယူ၍ ဓာတ်ခွဲစမ်းသပ်ပေးလျက်ရှိပါတယ်။

ကမ္ဘာ့လူတုပ်ကွေးရောဂါ စောင့်ကြပ်ကြည့်ရှုမှုလုပ်ငန်းမှာ အရေးပါတဲ့ ကျောင်းပျက်ကွက်မှုနဲ့ လုပ်ငန်းခွင်ပျက်ကွက်မှု နေ့စဉ် စောင့်ကြပ်ကြည့်ရှုတဲ့ လုပ်ငန်းတွေမှာ ပညာရေးဝန်ထမ်းများနဲ့ ဌာနဆိုင်ရာများရဲ့ ပူးပေါင်းဆောင်ရွက်မှုဟာလည်း အားရစရာဖြစ်ပါတယ်။ နယ်ကိုပြန်သွားကြတဲ့ ခရီးသည်တွေရဲ့ လိပ်စာအပြည့်အစုံရရှိဖို့နဲ့ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းကို အုပ်ချုပ်ရေးအဖွဲ့ အစည်းများ၊ သက်ဆိုင်ရာဌာနများ၊ ဟိုတယ်များရဲ့ ကူညီမှုနဲ့ ထိရောက်စွာ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းတွေကလည်း သံသယလူနာ လာရင် သက်ဆိုင်ရာ တိုင်း၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ကျန်းမာရေးဌာနများသို့ ချက်ချင်းသတင်းပို့ ပူးပေါင်းဆောင်ရွက်ကြပါတယ်။ စီးပွားရေးလုပ်ငန်းရှင်တွေကလည်း စိတ်ဝင်တစား ကူညီတာကိုလည်း တွေ့ရတယ်။

ရောဂါကူးစက်မှုဖြစ်စဉ် အမျိုးမျိုးရှိခဲ့ပေမယ့် ဖြစ်စဉ်ပေါ်မူတည်ပြီး လိုက်လျောညီထွေတဲ့ ရောဂါထိန်းချုပ်မှု နည်းလမ်းများနဲ့ သက်ဆိုင်ရာ တာဝန်ရှိသူတွေရဲ့ ညှိနှိုင်းဆောင်ရွက်မှုကြောင့် ထပ်မံကူးစက်ပြန့်ပွားမှုမရှိအောင် ထိန်းချုပ်နိုင်ခဲ့ပါတယ်။ တကယ်တမ်းကျတော့ လုပ်ငန်းဆောင်ရွက်တဲ့အခါမှာ အခက်အခဲမျိုးစုံလည်း ကြုံတွေ့ခဲ့ရပါတယ်။ နိုင်ငံခြားကပြန်လာပြီး ကိုယ့်အိမ် ကိုယ်ပြန်ပြီး မိသားစုနဲ့တွေ့ရဖို့ အားခဲလာတဲ့သူတွေ၊ လုပ်ငန်းလုပ်ကိုင်ဖို့ စီစဉ်လာတဲ့လူတွေ၊ အခြားရည်ရွယ်ချက်အမျိုးမျိုးနဲ့ ပြန်လာတဲ့လူတွေကို လေဆိပ်မှာရော၊ တည်းခိုတဲ့အိမ်တွေ၊ ဟိုတယ်တွေအထိ ရောဂါစောင့်ကြပ်ကြည့်ရှုပြီး ဆေးကုသပေးနေတာကို သူတို့အနေနဲ့ အနှောင့်အယှက်ပေးတယ်လို့ ထင်ကြသူတွေ၊ တခြားနိုင်ငံမှာ မလုပ်တာတွေကို ဒီက ကျန်းမာရေးဝန်ထမ်းတွေ အပိုလုပ်တယ် စသဖြင့် တွေးခေါ်တဲ့လူတွေလည်းရှိကြပါတယ်။ ဒါပေမယ့် ကျန်းမာရေး ဝန်ထမ်းတွေဟာ ရောဂါသံသယဖြစ်ပွားသူ ကာယကံရှင်နဲ့ ကာယကံရှင်ရဲ့ မိသားစုကျန်းမာရေးအတွက်နဲ့ ပြည်သူလူထုသို့ ရောဂါကူးစက်မှုမရှိစေရေး အတွက် အမျိုးသားရေးတာဝန် တစ်ရပ်အနေဖြင့် လိုအပ်တဲ့ ကျန်းမာရေး စောင့်ရှောက်မှုတွေကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ရောဂါကာကွယ်ထိန်းချုပ်ရေးနဲ့ပတ်သက်ပြီး ကျေးရွာအထိ သတိရှိနေတာကိုလည်းတွေ့ရတယ်။ ဥပမာ ကွမ်းခြံကုန်းမြို့နယ် တောချောင်းရွာ၊ ထန်းတပင်မြို့နယ် လှည်းဆိပ်ရွာတွေဆိုရင် ကျန်းမာရေးဝန်ထမ်း၊ သက်ဆိုင်ရာ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနဲ့ ရွာလူထုရဲ့အစီအစဉ်နဲ့ သံသယ လူနာတွေ ဆေးရုံပို့စစ်ဆေးကုသခဲ့တာတွေဟာ ဒီရောဂါနဲ့ပတ်သက်ပြီး ကျေးရွာ အထိ သတိရှိနေကြတယ်ဆိုတာ ဖော်ပြနေပါတယ်။ ခရမ်းမြို့နယ် ထရံကာ ကျေးရွာဆိုရင်လည်း ဖျားတဲ့သူတွေ များနေပြီဆိုပြီး သက်ဆိုင်ရာ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနဲ့ ကျန်းမာရေးဝန်ထမ်းတွေက အချိန်မီသတင်းပေးပို့နိုင်လို့ ဗဟိုအဆင့်၊ တိုင်းအဆင့် ဆရာဝန်ကြီးတွေ မိုးကြီး သဲသဲမဲမဲမှာ လှေတွေနဲ့ အဲဒီရွာကို အရောက်သွားပြီး ရောဂါထိန်းချုပ်ရေး လုပ်ငန်း၊ ဆေးကုသရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ယခုဖြစ်စဉ်တွေ အားလုံးမှာ ကမ္ဘာ့လူတုပ်ကွေးရောဂါဖြစ်ပွားမှု မရှိတာကို တွေ့ရတယ်။ ဆိုလိုတာဟာ ရောဂါဖြစ်ပွားမှုနဲ့ပတ်သက်ပြီး သံသယရှိရင် ချက်ချင်းသတင်းပို့တဲ့အကျင့်ရနေတာဟာ ကျန်းမာရေးဝန်ကြီးဌာနက အကောင်အထည်ဖော်နေတဲ့ (Early Warning and Response System) စောစီးစွာ သတင်းရယူ တုံ့ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းရဲ့ အကျိုးဆက်တွေပါပဲ။

ဆေးကုသရေးလုပ်ငန်းနဲ့ ပတ်သက်ပြီး ရောဂါဖြစ်ပွားသူက တစ်ဆင့် ရောဂါကူးစက်မှုမရှိအောင် ဆေးရုံကြီးတွေမှာ သံသယလူနာနဲ့ အတည်ပြု လူနာတွေကို သီးသန့်လူနာဆောင်တွေထားရှိ ကုသပေးပြီး လူနာနဲ့ အနီးကပ် ထိတွေ့ခဲ့သူ မိသားစုဝင်တွေနဲ့ အခြားသူများကို ရောဂါမကူးစက်အောင် အိမ်မှာ သီးသန့် နေထိုင်ဖို့ကို သက်ဆိုင်ရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနတွေနဲ့ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ တွေက ကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။ အိမ်မှာ သီးသန့်နေထိုင်ဖို့ စီစဉ်ခံရတဲ့သူတွေအတွက် အစားအစာနဲ့ အခြားလူမှုရေးကိစ္စများကို သက်ဆိုင်ရာ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအဖွဲ့တွေက စီစဉ်ဆောင်ရွက်ပေးနေပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် သိကောင်းစရာ၊ ပညာပေးလက်ကမ်းစာစောင်၊ နိုင်ငံခြားမှ ပြန်လာသူများ လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်နဲ့ ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်များ လိုက်နာဆောင်ရွက်နိုင်ဖို့ ပညာပေးကဏ္ဍကို လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ သတင်းစာ၊ ဂျာနယ်နဲ့ မြန်မာ့ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြားတို့မှ စီစဉ်တင်ဆက်ခြင်းတို့ကို ဆောင်ရွက်ခြင်းဖြင့် ပြည်သူလူထုအတွင်း လက်မကြာခဏဆေးခြင်း အလေ့အကျင့်၊ နှာချေချောင်းဆိုးလျှင် လက်ကိုင်ပဝါ၊ ပါးစပ် နှာခေါင်းစည်းအုပ်၍ ပြုလုပ်သည့် အကျင့်၊ လူထုထပ်သောနေရာသို့ မလိုအပ်ဘဲ သွားရောက်ခြင်းမှ ရှောင်ကြဉ်ခြင်းအကျင့် စသည့် ရောဂါကာကွယ်ရေးနည်းလမ်းများကို ဖြန့်ဝေလိုက်နာဆောင်ရွက်နိုင်ခဲ့ပါတယ်။ ကျန်းမာရေးပညာပေးလုပ်ငန်းတွေကို မြန်မာနိုင်ငံ ဆရာဝန်အသင်း အပါအဝင် လူမှုရေးအဖွဲ့အစည်းတွေ၊ ပုဂ္ဂလိကမဂ္ဂဇင်း၊ ဂျာနယ်တွေကလည်း ပူးပေါင်းဆောင်ရွက်နေတာ တွေ့ရပါတယ်။

ကမ္ဘာ့လူတုပ်ကွေးကာကွယ်ဆေးတွေ စမ်းသပ်ထုတ်လုပ် သုံးစွဲနေကြပေမယ့် ကာကွယ်ဆေးရဲ့ ထိရောက်မှု အကျိုးအာနိသင်တွေ ဘယ်လိုမှန်း မသိသေးတဲ့ အခြေအနေမှာ ကမ္ဘာ့လူထုကတော့ ဆေးဝါးမပါသော ရောဂါကြိုတင်ကာကွယ်ရေး နည်းလမ်းတွေဖြစ်တဲ့ လက်ကို မကြာခဏ ဆေးကြောတဲ့အကျင့်၊ နှာချေချောင်းဆိုးရင် လက်ကိုင်ပဝါ၊ ပါးစပ်နှာခေါင်းစည်း စည်းတဲ့အကျင့်၊ လူထူထပ်တဲ့နေရာကို မလိုအပ်ဘဲသွားခြင်းမှ ရှောင်ကြဉ်ခြင်းစတဲ့ အကျင့်တွေကို ဦးစားပေး လိုက်နာဆောင်ရွက်ကြဖို့ အထူးလိုအပ်ပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနက အခါအားလျော်စွာ ထုတ်ပြန်ပေးနေတဲ့ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ကာကွယ်နှိမ်နင်းရေးဆိုင်ရာ လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ကြရန် လိုအပ်ကြောင်း တိုက်တွန်းအပ်ပါတယ်။

မြန်မာနိုင်ငံမှာ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ကာကွယ်ထိန်းချုပ်နှိမ်နင်းရေးလုပ်ငန်းကို နိုင်ငံတော်အစိုးရရဲ့ ဦးဆောင်မှုနဲ့ ကျန်းမာရေးဝန်ကြီးဌာနနဲ့ အခြားဝန်ကြီးဌာနများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ စတဲ့ အုပ်ချုပ်မှုဆိုင်ရာ အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍနှင့် ပြည်သူလူထုတို့ ပူးပေါင်းပြီး အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါတယ်။

ပြည်သူလူထုအနေနဲ့ ကျန်းမာရေးဝန်ကြီးဌာနက ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် ထုတ်ပြန်ထားတဲ့ လိုက်နာဆောင်ရွက်ရမယ့် လုပ်ငန်းတွေကို ပူးပေါင်းလိုက်နာ ဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံမှာ ဆောင်ရွက်လျက်ရှိတဲ့ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်၍ ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန် လိုအပ်ကြောင်း တိုက်တွန်းအပ်ပါတယ်။ ။

နောက်တစ်ဆင့်ရောက်ဖို့ အသင်းကြီးတွေ ရုန်းရဦးမယ်

ချန်ပီယံလိဂ်ပွဲကြို ရေးသူ - ထွန်းထွန်းဦး(လှိုင်) ❖ စာမျက်နှာဖွဲ့စည်းမှု - လဲ့လဲ့ဝင်း (မြန်မာ့အလင်း)

ချန်ပီယံလိဂ်ပွဲစဉ်(၆) ၉-၁၂-၂၀၀၉၊ နံနက် ၂း၁၅နာရီ

နေပြည်တော် ဒီဇင်ဘာ ၆

ချန်ပီယံလိဂ်အုပ်စုအဆင့် နောက်ဆုံးပွဲစဉ်မှာတော့ နောက်တစ်ဆင့် ရောက်ဖို့ လိပ်ခဲတည်းလည်းဖြစ်နေတဲ့ အသင်းတွေ အနေနဲ့ အားကုန်စိုက်ပြီး ကြိုးစားရတော့မှာပါ။ နောက်ပြီး ယူရိုပါဘက်လှည့်ကြရမယ့် အသင်းတွေအနေနဲ့လည်း ရထားတဲ့နေရာကို တခြားသူလက်ထဲ ပါမသွားအောင် လုပ်ရမှာဖြစ်တော့ အုပ်စု နောက်ဆုံး ပွဲစဉ်တွေက သူ့နည်းသူ့ဟန်နဲ့ စိတ်ဝင်စားဖို့ ကောင်းနေပြန်ပါတယ်။

အုပ်စု(က)

မက္ကာဘီဟိုင်ဖာ - ဘော်ဒိုး

ပထမအကျော့မှာ ဘော်ဒိုးက ၁-၀ နဲ့ နိုင်ထားခဲ့သလို နောက်တစ်ဆင့် ရောက်ဖို့ မျှော်လင့်ချက်ကုန်ဆုံးသွားတဲ့ မက္ကာဘီအပေါ်မှာ ထပ်မံပြီး ဒုက္ခပေးဖို့ လုပ်ပါလိမ့်မယ်။ ဒါပေမယ့် တရစပ် ထိုးစစ်ဆင်ဖို့တော့ ရှိမယ်မထင်ဘူး။ ဘာကြောင့်လဲဆိုရင် ဧည့်သည်အသင်းက သက်သောင့်သက်သာနဲ့ နောက်တစ်ဆင့်ရောက်သွားလို့ပါ။ ဒါကြောင့် အဝေးကွင်းမှာ ဘော်ဒိုးဟာ သရေရဖို့ပဲ အမြင့်ဆုံး စိတ်ကူးမှာပါ။ မက္ကာဘီကတော့ နောက်ဆုံးပွဲမှာ သိက္ခာအတွက် အားစိုက်ကစားပြီး မဖြစ်ဖြစ်တဲ့နည်းနဲ့ အနိုင်ကို ရှာရတော့မှာဖြစ်ပါတယ်။

ဂျူဗင်းတပ်စ် - ဘိုင်ယန်မြူးနစ်

နှစ်သင်းစလုံးအတွက် အရေးပါတဲ့ ပွဲစဉ်ပါပဲ။ ပထမ အကျော့မှာ ဒီနှစ်သင်း ဂိုးမရှိ သရေကျထားခဲ့တယ်။ ဒီပွဲမှာတော့ ဂျူဗင်းတပ်စ်ဟာ ဧည့်သည်ထက် တစ်မှတ် အသာရထားတာကြောင့် အိမ်ကွင်းမှာ မရှုံးအောင် ကစားနိုင်ခဲ့မယ်ဆိုရင် နောက်တစ်ဆင့် တက်ရောက်ခွင့်ရှိနေပါတယ်။ လတ်တလောမှာ ဘိုင်ယန်ရဲ့ ကစားပုံက မတည်ငြိမ်တာကြောင့် ရပ်တည်မှုမကောင်းသလို ခံစစ်လည်း ကျစ်လျစ်မှု ကျဆင်းနေတယ်။ အခုပွဲမှာ မနိုင်နိုင်အောင် ကစားရမှာ ဖြစ်နေတော့ ဖောင်ဖျက်ကစားပါမှ နောက်တစ်ဆင့်ကို မျှော်လင့်နိုင်မှာပါ။ ဒီအခွင့်အရေးကို ဂျူဗင်းတပ်စ်ကတော့ ပေးမှာမဟုတ်ပါဘူး။ အိမ်ရှင်ဖိအားနဲ့ ကစားပြီး တစ်ဂိုးအသာနဲ့ အနိုင်ယူပြဖို့များပါတယ်။

ရီးရဲမက်ဒရစ်မှ တိုက်စစ်မှူး စီရိုနယ်ဒို၏ ထိုးဖောက်ကစားမှု….။

အုပ်စု(ခ)

ဘက်ရှီးတပ် - စီအက်စ်ကေအေမော်စကို

ခြေမကျတဲ့နှစ်သင်း ဆုံတဲ့ပွဲပါ။ ဒါကြောင့် ပွဲက ပထမအကျော့ကလို ကြည့်ကောင်းမယ့်ပုံပါ။ တစ်ချက်ရှိတာက နှစ်သင်းစလုံးဟာ နောက်တစ်ဆင့်ရောက်ဖို့ ကြိုးစားနေကြတယ်။ အထူးသဖြင့် ဧည့်သည် မော်စကိုပါ။ တစ်ဖက်က ဝုလ်ဖ်ဘတ်ရဲ့ အနေအထားဟာ မန်ယူနဲ့ဆုံလို့ ပွဲကျပ်နေချိန်မှာ ရတဲ့အခွင့်အရေးကို ယူကာ ဘက်ရှီးတပ်ကို အနိုင်ကစားရင်း မော်စကိုက နောက်တစ်ဆင့်ရောက်အောင် လုပ်မှာဖြစ်နေတော့ အဝေးကွင်းမှာ ကစားရတာတောင် မျှော်လင့်ချက်ကြီးကြီးထားပြီး တရစပ်တိုက်စစ်ဆင်ရင်းနဲ့ အိမ်ရှင် ဘက်ရှီးတပ် အနိုင်သုံးမှတ်ကို ရအောင် ယူနိုင်ပါလိမ့်မယ်။

ဝုလ်ဖ်ဘတ် - မန်ယူ

ပထမအကျော့မှာ မန်ယူက ၂-၁နဲ့ အနိုင်ရထားခဲ့ပါတယ်။ အခုပွဲမှာလည်း နောက်တစ်ဆင့်ရောက်နေတဲ့ မန်ယူဟာ အိမ်ရှင်ကို လူစုံထုတ်ပြီး ကစားမယ် မထင်ဘူး။ ဘာကြောင့်လဲဆိုတော့ ဒီဇင်ဘာ ပွဲကျပ်ကာလထဲ ရောက်နေတာကြောင့် အရန်ကစားသမားတွေနဲ့ပဲ သက်သောင့်သက်သာ ကစားမှာပါ။ ဒါကြောင့် ဝုလ်ဖ်ဘတ်ဟာ မန်ယူရဲ့ အားနည်းချက်ကို အခွင့်အရေးယူရင်း နောက်တစ်ဆင့်ရောက်ဖို့ ဒီဇီကိုတို့အားနဲ့ အနိုင်ရအောင် လုပ်ယူမှာပါ။ မန်ယူဟာ ဖိအားမရှိဘဲ ကစားမှာ ဖြစ်ပါတယ်။

အုပ်စု (ဂ)

ဇူးရစ် - အေစီမီလန်

ဇူးရစ်ရဲ့ မျှော်လင့်ချက်က ယူရိုပါလိဂ်အတွက် ရှင်သန်သေးတာကြောင့် အိမ်ရှင်ပီပီ မီလန်ဆီကနေ အနိုင် သုံးမှတ်ကို လုယူဖို့ လုပ်ပါလိမ့်မယ်။ ဒါကြောင့် ဇူးရစ်ဟာ တရစပ်ဖိအားပေးပြီး မီလန်ကို အနိုင်ရအောင်ကစားမှာဆိုတော့ မီလန်ခံစစ်ဟာ လုံခြုံဖို့ လိုပါတယ်။ မီလန်ရဲ့ တန်ပြန်တိုက်စစ်ကလည်း ဇူးရစ်အပေါ် ဖိဖိစီးစီးနဲ့ ရှိနေရင်တော့ ပူစရာမလိုပါဘူး၊ မီလန်အနေနဲ့တော့ ဇူးရစ်အပေါ်မှာ ရော်နယ်ဒင်ဟို၊ ပါတို အစရှိတဲ့ ကစားသမားတွေ အစွမ်းနဲ့ ဂရုစိုက်ကစားမယ်ဆိုရင်တော့ ခုပွဲမှာ ၁-၂လောက်နဲ့ နိုင်ဖို့ရှိပါတော့တယ်။

ချယ်လ်ဆီးအသင်း တိုက်စစ်မှူး အနယ်လ်ကာ၏ ထိုးဖောက်ကစားဟန်။

မာဆေး - ရီးရဲမက်ဒရစ်

ရီးရဲဟာ မာဆေးကို ပထမအကျော့မှာ ၃-၀နဲ့ နိုင်အောင်ကစားခဲ့ပေမယ့် ဒီပွဲ မာဆေးရဲ့ ထိုးစစ်ကို ရီးရဲတို့အနေနဲ့ တောင့်ခံထားနိုင်ပါ့မလား။ ရီးရဲမှာ လူစုံပြန်ပါလာပေမယ့် ခံစစ်ကတော့ အားနည်းနေဆဲပါပဲ။ ဒါကြောင့် မာဆေးရဲ့ ဒုက္ခပေးမှုကို ခံရနိုင်ပါသေးတယ်။ မာဆေးကလည်း နောက်တစ်ဆင့်ရောက်ဖို့

မန်ယူအသင်း တိုက်စစ်မှူး ရွန်နေ။

အခွင့်အရေးရှိနေတော့ ရီးရဲကို အိမ်ကွင်းမှာ တိုက်စစ်ဖွင့်ကစားဖို့က သေချာနေတယ်။ ပြီးတော့ မာဆေးပရိသတ်အားဟာ အသင်းတစ်သင်း အပေါ်မှာ ဖိအားပေးကောင်းတာကြောင့် ရီးရဲ အနေနဲ့ ဒီပွဲမှာ အနိုင်ရဖို့ မလွယ်ပါဘူး။

အုပ်စု (ဃ)

အက်သလက်တီကို - ပေါ်တို

ပေါ်တိုက နောက်တစ်ဆင့် ရောက်သွားပြီ။ ဒါကြောင့် အက်သလက်တီကို အပေါ်မှာ ဖိအားမရှိဘဲ ယှဉ်ပြိုင်မှာပါ။ လူစုံပါနိုင်ဖို့ မလွယ်ဘူး။ အိမ်ရှင်ကတော့ ယူရိုပါဘက် ဆင်းကစားရဖို့ အခွင့်အရေးကို လက်လွှတ်မခံလိုတာကြောင့် ပွဲစပွဲဆုံးကို တိုက်စစ်ဖွင့်ရင်း အနိုင်သုံးမှတ် ရဖို့ကို လုပ်မှာဖြစ်ပါတယ်။ ရှေ့ပွဲတွေမှာ အရှက်တွေကွဲထားရတဲ့ အရှိန်ကြောင့် ဒီပွဲမှာ အိမ်ရှင်က ဒေါသတွေထပေါက်ကွဲဖို့ ရှိနေပါတယ်။

ချယ်လ်ဆီး - နီကိုးရှား

ချယ်လ်ဆီးက နောက်တစ်ဆင့် ရောက်သွားပြီဖြစ်တာကြောင့် အိမ်ကွင်းမှာ နီကိုးရှားလိုအသင်းဆီကနေပြီး အနိုင် သုံးမှတ်ကို လူစုံထုတ်ပြီး ယူမယ်မထင်ဘူး။ အရန်လူတချို့နဲ့ပဲ ပွဲထွက်မှာပါ။ ဒါကြောင့် လူစုံမပါနိုင်တဲ့ ချယ်လ်ဆီးဟာ ပုံမှန်ပဲ ကစားပြီး နောက်ဆုံးမှာ ကစားရကျပ်တဲ့ နီကိုးရှားကို နှာတစ်ဖျားလောက်နဲ့ပဲ အနိုင်ယူပါလိမ့်မယ်။ ။

အုပ်စု (က)

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ရမှတ်
ဘော်ဒိုး	၅	၄	၁	၀	၈	၂	၁၃
ဂျူဗင်းတပ်စ်	၅	၂	၂	၁	၃	၃	၈
ဘိုင်ယန်မြူးနစ်	၅	၂	၁	၂	၅	၄	၇
ဟိုင်ဖာ	၅	၀	၀	၅	၀	၇	၀

အုပ်စု (ခ)

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ရမှတ်
မန်ယူ	၅	၃	၁	၁	၇	၅	၁၀
ဝုလ်ဖ်ဘတ်	၅	၂	၁	၂	၈	၅	၇
စီအက်စ်ကေအေ	၅	၂	၁	၂	၅	၄	၇
ဘက်ရှီးတပ်	၅	၁	၁	၃	၂	၆	၄

အုပ်စု (ဂ)

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ရမှတ်
ရီးရဲမက်ဒရစ်	၅	၃	၁	၁	၁၂	၆	၁၀
အေစီမီလန်	၅	၂	၂	၁	၇	၆	၈
မာဆေး	၅	၂	၁	၂	၉	၇	၇
ဇူးရစ်	၅	၁	၀	၄	၄	၁၃	၃

အုပ်စု (ဃ)

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ရမှတ်
ချယ်လ်ဆီး	၅	၄	၁	၀	၉	၂	၁၃
ပေါ်တို	၅	၃	၀	၂	၅	၃	၉
အက်သလက်တီကို	၅	၀	၃	၂	၃	၉	၃
နီကိုးရှား	၅	၀	၂	၃	၂	၅	၂

ကျောက်ချော လမ်းခင်းလုပ်ငန်း ကွင်းဆင်း စစ်ဆေး

မိုးညှင်း ဒီဇင်ဘာ ၆

မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း အဖွဲ့ရန်ပုံငွေကျပ် ၂၃၄၅၀၀၀၀ ဖြင့် ဆောင်ရွက်လျက်ရှိသော ပြောင်းဖူးစေ့စီ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ရာ လုပ်ငန်းခွင်သို့ နို၀င်ဘာ ၁၈ရက်က ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးနိုင်ဝင်း ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်ဆန်းထွန်းက ရှင်းလင်းပြသခဲ့သည်။ **(မြို့နယ်စည်ပင်)**

မြန်မာ့အလင်း **နိုင်ငံတကာ အားကစားသတင်း**

ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည့် မန်စီးတီး-ချယ်လ်ဆီးပွဲ

မြင့်မောင်စိုး - ရေးသည်

လန်ဒန် ဒီဇင်ဘာ ၆

မန်စီးတီးနှင့် ချယ်လ်ဆီးတို့သည် ယမန်နေ့ ညပိုင်းက ပရီမီယာလိဂ် ပွဲစဉ်(၁၅)အဖြစ် ယှဉ်ပြိုင်ကစားခဲ့ရာ မန်စီးတီးတို့ အိမ်ကွင်း၌ ခုနစ်ပွဲဆက်တိုက် သရေကစားခဲ့ခြင်းကို အဆုံးသတ်စေခဲ့ပြီး ချယ်လ်ဆီးကို အနိုင်ယူလိုက်သည်။

ပွဲကြီးပွဲကောင်း

ချယ်လ်ဆီးကစားသမားများသည် အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နိုင်ရေးအတွက် မန်စီးတီးတို့ထံမှ ရမှတ်များ ခွဲဝေယူရန်ကြိုးစားခဲ့သည်။ မန်စီးတီးတို့ကလည်း ကိုယ့်အိမ်ကွင်း ပရိသတ်ရှေ့မှောက်၌ သရေဆက်တိုက်ကြုံနေမှုများကို အဆုံး သတ်ရန် ကြိုးစားသည်။ ဤသို့ ရည်ရွယ်ချက်ကိုယ်စီဖြင့် ယှဉ်ပြိုင်ကြသော ထို နှစ်သင်း၏ အားပြိုင်မှုမှာ ကောင်းလွန်းသဖြင့် ပရီမီယာလိဂ်ဘောလုံးပရိသတ်များ အကြိုက် ပွဲကြီးပွဲကောင်းတစ်ပွဲ ဖြစ်ခဲ့သည်။

ပိုမိုရှင်သန်

အဝေးကွင်း လာရောက်ကစားရသည့် ချယ်လ်ဆီးက မထင်မှတ်ဘဲ ပွဲစပြီး ရှစ်မိနစ်အကြာ ဦးဆောင်ဂိုးရခဲ့သည်။ ယင်းဦးဆောင်ဂိုးမှာ ချယ်လ်ဆီးကစားသမားများသွင်းယူသည့် ဂိုးမဟုတ်ပေ။ မန်စီးတီးတိုက်စစ်မှူး အဒီဘာယောနှင့် ထိကာဝင်ခဲ့သည့် ဂိုးဖြစ်သည်။ ထိုဂိုးကြောင့် ချယ်လ်ဆီးကစားသမားများ ကစားကွက် ပိုမြူးလာသည်။ အမှတ်ပေးဇယားကို ဆက်လက်စိုးမိုးလိုသည့်စိတ်ကို ပိုမိုရှင်သန်တက်ကြွစေခဲ့သည်။ သို့သော်လည်း တိုက်စစ်မှူး အဒီဘာယောကပင် ပွဲချိန် ၃၇မိနစ်တွင် မန်စီးတီးအတွက် ချေပဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ယင်းချေပဂိုးကြောင့် နှစ်သင်းစလုံး လျင်လျင်မြန်မြန် ထိုးဖောက်ကစားလာသည်။ မန်စီးတီးတို့ အနိုင်ဂိုးသွင်းယူနိုင်ရေး အကြိတ်အနယ်ကြိုးစားစဉ် ချယ်လ်ဆီးနောက်တန်း ကစားသမားများ ကာကွယ်ဖျက်ထုတ်ခဲ့ရသည်။ ချယ်လ်ဆီးနှင့် မန်စီးတီးတို့ တိုက်စစ်အရှိန်မြှင့်တင်ကစားစဉ် ချယ်လ်ဆီးကစားသမားအများစု အဝါကတ် အပြခံကြရသည်။ ချယ်လ်ဆီးတို့ဘက်မှ အီဗာနိုဗစ်၊ ကိုးလ်၊ ကာဗယ်ဟို၊ ဘယ်လက်တီ၊ တယ်ရီနှင့် ဒေကိုတို့ အသီးသီး အဝါကတ်များအပြခံရသည်။ မန်စီးတီးတို့ဘက်မှ ဘာရီတစ်ဦးသာ အဝါကတ်ထိခဲ့သည်။

မန်စီးတီးတိုက်စစ်မှူး အဒီဘာယော(ယာ) ချယ်လ်ဆီး နောက်တန်းကို ဤသို့ ထိုးဖောက်ကစားခဲ့သည်။

ခြေထိုးဖျက်ပိတ်

နှစ်ဖက်ကစားသမားများ အပြန်အလှန်ထိုးဖောက်ကစားနေစဉ်အတွင်းမှာပင် ပွဲချိန် ၅၆မိနစ်တွင် မန်စီးတီးတိုက်စစ်မှူး တီဗက်ဇ်က ကိုက် ၂၀အကွာ အလွတ်တည် ကန်ဘောမှတစ်ဆင့် ကန်သွင်းရာ၌ ဘောလုံးမှာ မြားတစ်စင်းကဲ့သို့ အရှိန်ပြင်းစွာ ပြေးဝင်သွားသဖြင့် ချယ်လ်ဆီးဂိုးသမား ကာကွယ်ချိန်မရဘဲ ဂိုးပေးခဲ့ရသည်။ ယင်းဂိုးကြောင့် ချယ်လ်ဆီးတို့ ချေပဂိုးသွင်းယူနိုင်ရေး တိုက်စစ်ကို အစွမ်းကုန်မြှင့်ကစားခဲ့သည်။ ပွဲပြီးရန် ရှစ်မိနစ်အလိုတွင် တိုက်စစ်မှူး ဒရော့ဘာ မန်စီးတီး ဂိုးဧရိယာအတွင်း အပိုင်ကန်သွင်းယူရန် ကြိုးစားစဉ် မန်စီးတီးကစားသမား အိုနူချာ ရှေ့မှ ခြေထိုးဖျက်ပိတ်လိုက်သဖြင့် ဒရော့ဘာ လဲကျသွားခဲ့သည်။

ကာကွယ်ပေးလိုက်နိုင်

ကွင်းလယ်ဒိုင်လူကြီးက ချယ်လ်ဆီးကို ပယ်နယ်တီ ကန်ခွင့်ပေးခဲ့ရာ ယင်း ပယ်နယ်တီကို အင်္ဂလန်ကွင်းလယ်ကစားသမား လမ်းပတ် ကန်သွင်းယူခဲ့သော်လည်း မန်စီးတီးဂိုးသမား ရှေးဂစ်ဗင်း ပုတ်ထုတ်ကာကွယ်ပေးနိုင်ခဲ့သည်။ အိုင်ယာလန် ကစားသမား ရှေးဂစ်ဗင်းသည် ယင်းပယ်နယ်တီကို ဆုံးဖြတ်ချက် မှန်ကန်စွာ ညာဘက်သို့ လဲ့ချပုတ်ထုတ် ကာကွယ်ပေးလိုက်နိုင်၍ ထိုနေ့အဖို့ မန်စီးတီးအသင်း၏ ဘောလုံးသူရဲကောင်း ဖြစ်ခဲ့ရသည်။

ရပ်တန့်

ရှေးဂစ်ဗင်း ပုတ်ထုတ်ကာကွယ်ပေးနိုင်သည့် ပယ်နယ်တီဂိုးကြောင့် မန်စီးတီး ပရိသတ်တွေရော မန်ယူပရိသတ်တွေပါ သောသောညံ အားပေးကြတော့သည်။ ပွဲအပြီး မန်စီးတီးက ချယ်လ်ဆီးကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ယင်းအနိုင်ပွဲကြောင့် ချယ်လ်ဆီးသည် အမှတ်ပေးဇယားတွင် မန်ယူထက် နှစ်မှတ်အသာဖြင့်သာ ဦးဆောင်နိုင်တော့သည်။ ပွဲစဉ် (၁၅)အပြီး ချယ်လ်ဆီးက ၃၆မှတ်၊ မန်ယူက ၃၄မှတ် ရရှိထားပြီး မန်စီးတီးက ဆဌမနေရာ၌ ရပ်တန့်လျက်ရှိပေသည်။ ။

ကိုးကား-အင်တာနက်

မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် မီးဘေးကြိုတင်ကာကွယ်ရေး တာချီလိတ်၌ ဆွေးနွေးမှာကြား

တာချီလိတ် ဒီဇင်ဘာ ၆

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းသည် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဦးစီးဌာနညွှန်ကြားရေးမှူး ဦးသန်းထွဋ်ဆွေနှင့်တာဝန်ရှိသူများလိုက်ပါလျက် နိုဝင်ဘာ ၂၅ရက် နံနက်ပိုင်းက ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်ခရိုင် တာချီလိတ်မြို့နယ် မီးသတ်တပ်ဖွဲ့စခန်း၌ သန္နမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံကာ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးမှာကြားသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ ပြည်နယ်မီးသတ်ဦးစီးမှူး ဦးတင်ဖေ၊ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းမြင့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးဒုတိယရဲမှူးမြင့်အောင်၊ တာချီလိတ်မြို့နယ် မီးသတ်ဦးစီးမှူး ဦးအောင်ကျော်နိုင်၊ မိုင်းဆတ်မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်မင်း၊ သန္နမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

လိုအပ်ချက်

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်သည် မီးသတ်ယာဉ်နှင့် စက်ကိရိယာများကိုင်တွယ်မှု၊ တပ်ဖွဲ့ဝင်များ၏ စည်းကမ်းသေဝပ်မှုနှင့် လေ့ကျင့်ရေးဆောင်ရွက်မှုများနှင့် အိမ်ထောင်သည်လိုင်းခန်းများအား ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များ ပံ့ပိုးဆောင်ရွက်ပေးသည်။

(အပေါ်ပုံ) (၀၁၆)

စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေး ဟောပြောပွဲနှင့် စာအုပ်လှူဒါန်းပွဲ ကန်ပက်လက်၌ကျင်းပ

ကန်ပက်လက် ဒီဇင်ဘာ ၆

ချင်းပြည်နယ် ကန်ပက်လက်မြို့နယ် ကန့်သာရုံကျေးရွာ အခြေခံပညာမူလတန်းကျောင်းဆောင်၌ နိုဝင်ဘာ ၆ ရက်က စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေး ဟောပြောပွဲနှင့် စာအုပ်လှူဒါန်းပွဲ ကျင်းပသည်။

ရှင်းလင်းပြောကြား

ဟောပြောပွဲတွင် မြို့နယ်စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန့်စင်ထွန်းက အမှာစကားပြောကြားပြီး (ယာပုံ) မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးလိန်းကီးက စာကြည့်တိုက်များ ခိုင်မာရှင်သန် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ရှင်းလင်းပြောကြားသည်။

လှူဒါန်း

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးသန့်စင်ထွန်းက သတင်းစာနှင့် ဂျာနယ်များကိုလည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးလိန်းကီးက မဂ္ဂဇင်းနှင့်ဂျာနယ်တို့ကိုလည်းကောင်း လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးအွမ်တပ်က လက်ခံယူသည်။

(မြို့နယ် ပြန်/ဆက်)

နေပြည်တော်မြန်မာ့အသံ

(အင်္ဂါနေ့-နံနက်+နေ့လယ်+ည)

(၈-၁၂-၂၀၀၉)

၇:၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက်
နိုင်ငံတော်သီချင်း+ကြေညာချက်
၇:၀၅ တရားတော် **(ရတနသုတ်)**
ဓမ္မပူဇာတေးပဒေသာ
၇:၃၀ (၃၈)မြဂ်လာ
၇:၃၅ နံနက်ခင်းတေးပဒေသာ
၈:၀၀ စံတော်ချိန်+သတင်း+ဆောင်းပါး
၈:၁၀ နံနက်ခင်းတေးပဒေသာ
၈:၃၀ ပြောပါရစေရှင် (မပြည့်ဒုက္ခသည်)
၈:၄၀ တေးပဒေသာ
၉:၀၀ အစီအစဉ်ပြီး၏။
၁၀:၀၀ မွေးနေ့လက်ဆောင်
၁၀:၃၀ သတင်းစာအာဘော်
၁၀:၃၅ တေးပဒေသာ
၁၀:၄၅ ခံတွင်းမြိန်စရာ သူ့လက်ရာ
(ဂေါ်ဖီဖက်ထုပ်စားကြမယ်)
၁၀:၅၅ တေးသီချင်း
၁၁:၀၀ နေ့လယ်ခင်းသတင်း
၁၁:၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၁:၂၅ Talk on Line (ထူးအယ်လင်း)
၁၁:၅၀ တေးပဒေသာ
၁၂:၀၀ စံတော်ချိန်
Current Song (1)
တူယှဉ်သီကြွေးစုံတွဲတေး
၁၂:၄၀ ရွှင်လန်းစေချင် သောတရှင်
(ဒီနေ့ တနင်္ဂနွေ)
၁၃:၀၀ မွန်းလွဲပိုင်းသတင်း
၁၃:၁၀ ပညာရေးအစီအစဉ်
(သတ္တမတန်း-ပထဝီဝင်)
၁၃:၃၀ အစီအစဉ်ပြီး၏။
၁၆:၀၀ အဖွင့်တီးလုံး+ကြေညာချက်
ညနေခင်းတေးပဒေသာ
၁၆:၂၀ ဆောင်းပါး
၁၆:၃၀ သောတရှင်လိုရာတေး
၁၇:၀၀ မေတို့တွက်တာ အလှကမ္ဘာ
(နှုတ်ခမ်းလှလှဆိုးရအောင်)
၁၇:၁၀ တေးပဒေသာ
၁၇:၂၅ သတင်းစာဆောင်းပါး
၁၇:၃၀ ညနေခင်းတေးပဒေသာ
၁၇:၄၅ ထူးဆန်းထွေလာ ဤမြေကမ္ဘာ
(အမှတ်စဉ်-၁၇)
၁၈:၀၀ ညနေခင်းသတင်း
၁၈:၁၀ ညနေခင်းတေးပဒေသာ
၁၈:၃၀ စာအုပ်စာပေ လူ့မိတ်ဆွေ
နီးနီးဝေးဝေး အတွေးလက်ဆောင်
[ဦးဘုန်း (ဓာတု) မန္တလေး]
တေးပဒေသာ
၁၉:၀၀ နိုင်ငံတကာသတင်း
၁၉:၁၀ ဇာတ်လမ်းပမာနားဆင်စရာ
(မေတ္တာပုံရိပ်)
၁၉:၃၀ သူ့ခေတ် သူ့ခါတေးကမ္ဘာ
နိုင်ငံရေးဦးတည်ချက်
ညချမ်းချိန်ခါတေးပဒေသာ
၂၀:၀၀ ပြည်တွင်းသတင်း
၂၀:၂၀ တေးစီးရီး
(ရင်ခုန်သံနဲ့ တကယ်ချစ်ရဲ့လား)
စီးပွားရေးဦးတည်ချက်
၂၁:၀၀ ချိုချစ်ဖွယ်
အင်္ဂလိပ်တေးသီချင်းကဏ္ဍ
၂၁:၁၅ ခံစားနားဆင် မြန်မာတေးသံစဉ်
လူမှုရေးဦးတည်ချက်
ညချမ်းချိန်ခါတေးပဒေသာ
၂၂:၀၀ အစီအစဉ်ပြီး၏။

ဆီဆိုင်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

ဆီဆိုင် ဒီဇင်ဘာ ၆

ဆီဆိုင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခိုင်ထွန်းသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၁၄ ရက်က နားသံကျေးရွာအုပ်စု ပချားကလိုးရွာတွင် ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆွေးနွေးညှိနှိုင်းကြသည်။

ထို့နောက် ပချားကလိုးရွာ တွဲဖက်အခြေခံပညာ အထက်တန်းကျောင်း ကျောင်းဆောင်ပြုပြင် တည်ဆောက်ရန်အတွက် သွားရောက်ကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

တောင်ငူမြို့နေ သတင်းထောက် ဦးကျော်လှ ဇနီး ဒေါ်ဒေဝကီးဒေဝီ (သမာဓိမိသားစု)မှ တောင်ငူမြို့ တိုင်းအထွေထွေရောဂါကုဆေးရုံကြီး၌ တက်ရောက်လျက် ရှိကြသည့် နှမ်းပါးလူနာများအား အခမဲ့ ဆေးဝါးကုသမှုပေးနိုင်ရန်အတွက် ထာဝရဆေးပဒေသာပင် အလှူငွေ ကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာမြသောင်းက လက်ခံယူပြီး အလှူရှင်များအား ကျေးဇူးတင် ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (၀၅၂)

ကွန်ဟိန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်အရန်မီးသတ်တပ်ဖွဲ့တို့ ပူးပေါင်း၍ အဖွဲ့ပိုင်ကွန်ဟိန်းမြို့မဈေး မီးဘေးလုံခြုံရေး ဇာတ်တိုက်လေ့ကျင့်ခြင်းလုပ်ငန်းကို အောက်တိုဘာ ၃၁ရက်က အမှုဆောင်အရာရှိ ဦးမျိုးဝင်းဇော်နှင့် တပ်ခွဲမှူး ဦးမောင်မောင်တို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အလင်း စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံရေးသား၍နိုင်ငံသားစိစစ်ရေးကတ်မိတ္တူပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

ကျူးကျော်ဆိုင်ခန်းများကြောင့် လမ်းပိတ်ဆို့ရ

စာတည်းခင်ဗျား-

မြောင်းမြမြို့ အောင်ဆန်းလမ်း ကမ်းနားလမ်းတစ်လျှောက် ဆိုင်ခန်းအချို့သည် ကိုယ်ပိုင်ဆိုင်ခန်းအကျယ်အဝန်းအပြင် လူသွားလမ်း ပလက်ဖောင်းကိုကျော်ပြီး မော်တော်ကားသွားလမ်းပေါ်အထိ ပစ္စည်းများခင်းကျင်းရောင်းချနေပါသဖြင့် လမ်းပိတ်ဆို့ကာ ယာဉ်အန္တရာယ်ဖြစ်နိုင်ပါသောကြောင့် ဆိုင်ခန်းများစည်းကမ်းတကျရှိရေး ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

မြောင်းမြသား

ဆိုက်ကားဂိတ် စနစ်တကျ ထားရှိပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ်အတွင်းရှိ အနေးယာဉ်များသည် ရန်ကုန်-မန္တလေး ခြောက်လမ်းသွားလမ်းမကြီးပေါ်တွင်လည်းကောင်း၊ ရပ်ကွက်လမ်းအတွင်းများနှင့် လမ်းသွယ်များတွင်လည်းကောင်း ဂိတ်များသဖွယ် စည်းကမ်းမဲ့ ရပ်နားမောင်းနှင်လျက်ရှိရာ မော်တော်ယာဉ်မတော်တဆမှုများ ဖြစ်ပေါ်လျက်ရှိပါသဖြင့် ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် မြို့အတွင်း အနေးယာဉ်ဂိတ်များ စည်းကမ်းတကျ ထားရှိပေးပါရန် တင်ပြအပ်ပါသည်။

ယာဉ်အန္တရာယ်ကင်းစေလိုသူ

ပျက်စီးနေသောလမ်း ပြုပြင်ပေးပါ

စာတည်းခင်ဗျား-

စစ်ကိုင်းတိုင်း ကလေးခရိုင် ကလေးမြို့ အထက (၁)ကျောင်းရှေ့မှစ၍ အရှေ့ဘက်လမ်းဆုံး ပြင်သာအထိ ဆက်သွယ်ထားသော ကတ္တရာခင်း ဗိုလ်ချုပ်လမ်းမကြီးမှာ ကျင်းများ၊ ချိုင့်များဖြင့် ပျက်စီးနေပြီး စက်ဘီး၊ ဆိုက်ကား၊ ဆိုင်ကယ်၊ မြင်းလှည်းနှင့်ကားများ ခက်ခဲကြမ်းတမ်းစွာ ဖြတ်သန်းသွားလာရပါသဖြင့် ပြန်လည်ပြုပြင်ပေးပါရန် တင်ပြအပ်ပါသည်။

ခရီးသွားများ

သီရိလမ်းဘေး ရေမြောင်းရှိစေလို

စာတည်းခင်ဗျား-

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် သီရိခေမာရပ်ကွက် သီရိလမ်းဘေးတွင် ရေမြောင်းမရှိ၍ ရေထွက်ပေါက်မရှိခြင်းကြောင့် သုံးရေ၊ ချိုးရေ၊ မသန့်ရှင်းသောရေများသည် လမ်းမပေါ်သို့ စီးဆင်းပြီး လမ်းများပျက်စီးကာ ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေး ထိခိုက်ရပါသဖြင့် လိုအပ်သလိုဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

သီရိလမ်းသား

စားသောက်ဆိုင်ကညော်နံ့ ပတ်ဝန်းကျင်မခံနိုင်

စာတည်းခင်ဗျား-

ရန်ကုန်မြို့ တာမွေ ကျောက်မြောင်း ဗညားဒလလမ်းပေါ် ဘုရင့်နောင်ရပ်ရှင်ရုံဘေးရှိ စားသောက်ဆိုင်တစ်ဆိုင်သည် မီးခိုးခေါင်းတိုင်မရှိဘဲ ချက်ပြုတ်ကြော်လှော်နေသောကြောင့် အနီးဝန်းကျင်နေထိုင်သူများ ညော်နံ့များရှူရှိုက် ခံစားနေရပါသဖြင့် ကျန်းမာရေးထိခိုက်လျက်ရှိရာ အဆိုပါဆိုင်အား စည်းကမ်းနှင့်အညီ ရောင်းချနိုင်ရေး ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ညော်နံ့မခံနိုင်သူ

အနံ့ဆိုးများကြောင့် ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား-

မိတ္ထီလာမြို့ ရန်မျိုးအောင်ရပ်ကွက် စံပယ်ဦးနယ်မြေတွင် အမဲဆီချက်စက်ရုံမှ နေ့စဉ် နေ့ရောညပါ အမဲဆီများချက်လုပ်နေသောကြောင့် ပတ်ဝန်းကျင်တွင် နေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါသဖြင့် အဆိုပါ အမဲဆီချက်စက်ရုံကို သင့်လျော်ရာနေရာသို့ ပြောင်းရွှေ့ပေးပါရန် သက်ဆိုင်ရာသို့ တင်ပြအပ်ပါသည်။ **အနံ့ဆိုးမခံနိုင်သူများ**

ဟာလာဆန်စက်ကြီး အမိုးအကာထားစေချင်

စာတည်းခင်ဗျား-

ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်ခရိုင် ပေါင်းတည်မြို့ နွယ်ချို(၁)ရပ်ကွက် လမ်း၂၀ ထိပ်ရှိ ဟာလာဆန်စက်ကြီးမှာ အမိုးအကာလုံခြုံမှုမရှိသည့်အတွက် ဖုန်မှုန့် အမှုန်အမွှားများ လွင့်စင်ခြင်းကြောင့် အနီးဝန်းကျင်ရှိ မိသားစုများ၏ ကျန်းမာရေး ထိခိုက်ရပါသဖြင့် လိုအပ်သလို ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ကျန်းမာရေးထိခိုက်ရသူများ

အောင်လံ၌ လမ်းပိတ်ဆို့မှု ရှင်းလင်းပြီး

၅-၁၀-၂၀၀၉ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **အောင်လံမြို့ ကန်ကြီးရပ်ကွက် စည်ပင်သာယာမြို့မဈေးကြီးအရှေ့ဘက် ၈ လမ်းနှင့် ၉ လမ်းကြား လမ်းမတော်လမ်းတစ်လျှောက် လမ်းပေါ်တွင်ရပ်၍ ကုန်ချခြင်းပြုလုပ်သောယာဉ်ကြီးများ ရှင်းလင်းပေးပါ** ပေးစာနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။ **မြို့နယ်စည်ပင်သာယာရေးအဖွဲ့**

မှန့်ဖိုကြောင့် ကျန်းမာရေးထိခိုက်မှု ဆောင်ရွက်ပြီးစီး

၂၃-၁၁-၂၀၀၉ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **မိတ္ထီလာမြို့ ကျီတော်ကုန်းရပ်ကွက် စမ်းတော်ပြည့်တိုးချဲ့ရပ်ကွက် ပညာဘဏ်လမ်းရှိ မုန့်ဖိုကြောင့် ကျန်းမာရေးထိခိုက်** ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။ **မြို့နယ်စည်ပင်သာယာရေးအဖွဲ့**

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် ဖ/၂၊ ဦးပိုင်အမှတ် ၁၈၊ ၅၈လမ်း × ၅၉လမ်း၊ မနော်ဟရီလမ်း× စိန်ပန်းလမ်းကြား ဦးလှမြင့် အမည်ပေါက် ဂရန်မြေကွက်အား ဦးမင်းမင်း သန်းမှတ်ပုံတင်အမှတ် ၉/မနတ (နိုင်)၀၀၅၄၈ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ တောမှ မြို့ပြောင်း/ အမည်ပြောင်း အမှုတွဲဖွင့်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **ဌာနမှူး**

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်
စည်ပင်သာယာရေးကော်မတီ။

သမီးအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်မ၏သမီး အေမီညွန့် ၃/မ၀တ(နိုင်)၀၃၁၄၃၈သည် မိခင်၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိမိဆန္ဒအလျောက် ပြုမူသွားပါသဖြင့် ယနေ့မှစ၍ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၄င်းနှင့် ပတ်သက်၍ လုံး၀ တာ၀န်မယူပါကြောင်း။

မိခင် ဒေါ်မိမိ
၃/ကကရ(နိုင်)၀၆၀၆၀၃။

ဖုန်းနံပါတ်များပြောင်းလဲခြင်း

Asia Metal Company Limited.

ဖော်ပြပါ ရုံးဖုန်းနံပါတ်များသို့ ပြောင်းလဲလိုက်ပါသဖြင့် အများပြည်သူတို့အား လေးစားစွာဖြင့် အသိပေးအပ်ပါသည်။

ဖုန်းနံပါတ်အသစ်များမှာ-(၉၅-၁)၆၁၈၁၃၅၊ ၆၁၈၁၃၇၊ ၆၁၈၄၂၂၊ ၆၁၈၄၂၃၊ ၆၁၈၄၃၂၊ ၆၁၈၄၃၃၊ ၆၁၈၄၃၄၊ **Fax**-(၉၅-၁)၆၁၈၂၂၀။



မြေရောင်းမည်

ပေ(၇၀×၇၀)၊ မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ သမာဓိလမ်းသွယ်(၃)
ဆက်သွယ်ရန် ဖုန်း-၃၇၇၅၅၂၊ ၀၉-၅၀-၀၈၉၂၉။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ထွန်းထွန်းနိုင်၏ သဘော်သား လုပ်သက်မှတ်တမ်းစာအုပ် အမှတ် ရန်-၃၅၁/၀၃မှာ ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပါရန်။

ဖုန်း-၀၉-၅၁-၁၄၃၃၄။

မြန်မာ့အလင်းသတင်းစာကြော်ငြာများ အောက်ပါလိပ်စာများ၌ထည့်သွင်းနိုင်

ရန်ကုန် ဒီဇင်ဘာ ၆

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတွင် ရန်ကုန်မြို့မှ ကြော်ငြာထည့်သွင်းလိုသော ကြော်ငြာရှင်များ ဆက်သွယ်သွားလာမှု လွယ်ကူစေရန်အတွက် လက်ရှိ **အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ဖုန်း-၅၄၅၈၃၄၄၌** ကြော်ငြာများ နေ့စဉ်လက်ခံနေသည့်အပြင် အထူးအစီအစဉ်ဖြင့် **အမှတ် ၇၇၊ ၅၂လမ်း (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက် ဖုန်း-၂၉၉၄၂၇**တွင်လည်း မြန်မာ့အလင်းသတင်းစာ ကြော်ငြာဌာနကို တိုးချဲ့ဖွင့်လှစ်၍ ကြော်ငြာများ လက်ခံပေးလျက်ရှိပါသည်။ **အထက်ပါ နှစ်နေရာတွင်သာ လာရောက်ထည့်သွင်းကြပါရန် ဖော်ပြအပ်ပါသည်။**

(မြန်မာ့အလင်း)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၈A၊ မြေကွက်အမှတ်-၄၄၊ မြေကွက်တည်နေရာ ၁၈၊ သဇင်လမ်း၊ စမ်းချောင်းမြို့နယ် ဦးမောင်မောင်ဟန် အမည်ပေါက် နှစ် ၆၀မြေငှားဂရန်မြေအား အမည်ပေါက် ဦးမောင်မောင်ဟန်လူမျိုးကြီးဘ၀ဖြင့် ကွယ်လွန်သဖြင့် ဦးမောင်မောင်ဟန်၏ အစ်မအရင်း ဒေါ်ကြည်အေး ကွယ်လွန်နှင့် ခင်ပွန်း ဦးသောင်းဖေ (ကွယ်လွန်)မှ မွေးဖွားသူတစ်ဦးတည်းသော သား ဦးခင်မောင်လတ် ၁၂/စခန (နိုင်)၀၃၇၉၁၉က အမည်ပေါက်၏ တူတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေးကော်မတီ။

လေယာဉ်ကွင်းလမ်း

ထားဝယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ လေယာဉ်ကွင်းလမ်း လမ်းပေါက်ဖာထေးခြင်းကို တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးလှမျိုး ကြည့်ရှုစစ်ဆေးရာ ထားဝယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်စိုး ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကျောက်များစုဆောင်း

တောင်ကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် ကျေးပင်လမ်းကျောက်ချောခင်းရန် ကျောက်များစုဆောင်းထားရှိမှုအခြေအနေကို အမှုဆောင်အရာရှိ ဦးလှဖော်ဇံ ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်စန်းစန်းအေးက ကျောက်များစုဆောင်းထားရှိမှုကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

လမ်းပေါက်ဖာထေး

ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် တာဝန်ယူဆောင်ရွက်လျက်ရှိသော မြို့တွင်းလမ်းများ လမ်းပေါက်ဖာထေးခြင်းလုပ်ငန်းဆောင်ရွက်မှုကို နို၀င်ဘာ ၂၃ရက်က လက်ထောက်အင်ဂျင်နီယာ ဦးအောင်မိုးသွင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးနေဝင်းတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

✻ VOA, BBC - ရန်တိုက်ပေးနေသည်။

✻ RFA, DVB - သွေးထိုးနေသည်။

✻ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။

✻ နားမယောင်လေနဲ့ သတိထား။

၂၀၀၉ခုနှစ် မိုးစပါးရွှေရင်အေး စံပြကွက်ရိတ်သိမ်းပွဲကျင်းပ

လင်းခေး ဒီဇင်ဘာ ၆

လင်းခေးမြို့နယ် ပင်ဝေါင်ရပ်ကွက်နေ တောင်သူ ဦးမေထာ၏ လယ် (၃/၉၉) ဦးပိုင်မြေ ဒါးဆိပ်ကွင်းတွင် နိုဝင်ဘာ ၁၁ရက် နံနက်ပိုင်းက မိုးစပါးရွှေရင်အေး မျိုးသန့်စံကွက် ရိတ်သိမ်းပွဲ ကျင်းပသည်။

ကြည့်ရှုအားပေး

အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဆန်းနှင့်အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ စိုက်တိုးမြှင့် အဖွဲ့ဝင်များနှင့် လယ်စိုက်တောင်သူများ တက်ရောက်ကြသည်။ ၎င်းမိုးစပါးစံကွက် ရိတ်သိမ်းပွဲတွင် တောင်သူများ စပါးရိတ်သိမ်းနေမှုကို ခရိုင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှု အားပေးကြပြီး ရိတ်သိမ်းအပြီးမှာ စပါးအထွက်နှုန်း တစ်ဧကလျှင် ၁၃၉ဒသမ ၈၀တင်း ထွက်ရှိကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ခံ့ညားထည်ဝါသော အသွင်အပြင်ဖြင့် ပဉ္စဝတီ FM ၏ အသံသွင်း စတူဒီယိုခန်းမ။ (သတင်းစဉ်)

ဓညဝတီနှင့် ရာမညဝတီတိုင်းတစ်ဝန်းက ပြည်သူများ ပဉ္စဝတီ FM ၏ မီဒီယာရသ နားဆင်ခံစားနိုင်ကြပြီ

နေပြည်တော် ဒီဇင်ဘာ ၆

ယခင်ခေတ်ကာလများက ရေဒီယိုများသည် သတင်းထုတ်လွှင့်မှုကိုသာ ဦးစားပေးခဲ့ကြ၏။ မျက်မှောက်ခေတ်တွင်မူ သတင်းအချက်အလက်များသာမက ဖျော်ဖြေရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး ဗဟုသုတအပါအဝင် ကဏ္ဍစုံ၊ ရသစုံကို သဟဇာတရှိရှိ ပေါင်းစပ်လွှင့်ထုတ်နိုင်ခဲ့၍ ဘိုးသက်ရှည်ရေဒီယို၏ အခန်းကဏ္ဍသည် ပြိုင်ဘက် မီဒီယာများနှင့် ပခုံးချင်းယှဉ်လျက်ပင် ရှိနေပြန်ပါသည်။

စာမျက်နှာ ၉ ကော်လံ ၃ ●

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ သတင်းစာသုံးမျိုးကို ဒေသအသီးသီးရှိ သတင်းစာကိုယ်စားလှယ်များထံသို့ တစ်စောင်လျှင် ကျပ် ၅၀ နှုန်းဖြင့် အရောက် ပို့ဆောင်ပေးလျက်ရှိပါသည်။

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

အလေးမခြင်းလေ့ကျင့်ခန်း သာမန်ထက်ပိုမိုပြုလုပ်လျှင် အဆစ်အမျက်ရောင်ရောဂါ ရရှိစေနိုင်ဟုဆို

ခန္ဓာကိုယ်အစိတ်အပိုင်းများ သန်မာစေရန် အလေးမခြင်းလေ့ကျင့်မှုကို သာမန်ထက် ပိုမိုပြုလုပ်ပါက အဆစ်အမျက်ရောင်ရောဂါ ဖြစ်ပွားစေနိုင်ကြောင်း အမေရိကန် ဆေးသိပ္ပံပညာရှင်များက ပြောကြားသည်။

လူလတ်ပိုင်းအရွယ်များသည် အလေးပြားများဖြင့် နေ့စဉ် အချိန်ကြာမြင့်စွာ လေ့ကျင့်ခန်းပြုလုပ်ခြင်းဖြင့် ခန္ဓာကိုယ်အတွင်းနှင့် ခြေလက်များတွင် အရိုးအဆစ်များ ထိခိုက်မှုဖြစ်စေကာ အရွတ်များ ပျက်စီးတတ်ကြောင်း ၎င်းတို့က သတိပေးပြောကြားသည်။

လေ့ကျင့်

တစ်ဖန် အမြင့်ခုန်ခြင်း၊ အားသွန်ပြေးခြင်းနှင့် အလေးမခြင်းတို့ကို



လေ့ကျင့်ခြင်းထက် ပုံမှန်ကိုယ်လက်လှုပ်ရှားမှုကိုသာ လေ့ကျင့်သင့်ကြောင်း သို့မဟုတ်ပါက ကျန်းမာရေး ထိခိုက်စေနိုင်ကြောင်း သိရသည်။

ထို့ကြောင့် အလေးမခြင်းကဲ့သို့ လေ့ကျင့်ခန်းကို ပြင်းပြင်းထန်ထန် မပြုလုပ်သင့်ကြောင်း ၎င်းတို့က အကြံပြုထားသည်။

သတင်းဆောင်းပါး နှင့် ဓာတ်ပုံမှတ်တမ်း

မောင်မောင်ထွေး (သတင်းစဉ်)

စာမျက်နှာဖွဲ့စည်းမှု

မိုးမိုးအောင် (မြန်မာ့အလင်း)

ညအပူချိန်

၆-၁၂-၂၀၀၉

ဟားခါးမြို့	၂	ဒီဂရီစင်တီဂရိတ်
လွိုင်လင်မြို့	၂	ဒီဂရီစင်တီဂရိတ်
နမ့်စန်မြို့	၆	ဒီဂရီစင်တီဂရိတ်
ပင်လောင်းမြို့	၇	ဒီဂရီစင်တီဂရိတ်
လားရှိုးမြို့	၇	ဒီဂရီစင်တီဂရိတ်
မင်းတပ်မြို့	၇	ဒီဂရီစင်တီဂရိတ်

7-12 (20).pmd 1 12/7/2009, 2:53 PM